ပရိယတ် ပဋိပတ် အကျော်

# ဆရာတော်ကြီးများလက်စွဲ

# အသုံးချဂါထာတော်များ

အဖွင့်

ရွှေညာ·မောင်ယဉ်စိုး

ဒုတိယအကြိမ်

၂၂၈၇၉

ပရိယတ် ပဋိပတ်အကျော်

ဆရာတော်ကြီးများ လက်စွဲ

# အသုံးချ ဂါထာတော်များ အဖွင့်

ရွှေညာ-မောင်ယဉ်စိုး

ရွှေလဝင်းစာပေ
အမှတ်-၁၄၄၊ လမ်း-၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၉၁၂၁၃။

၂၂၄

ဘာသာရေးဆိုင်ရာ စာမူ ခွင့်ပြုချက် အမှတ်
၃၈/၉၁(၁၀)

မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ၅၅၂/၉၂(၃)
အုပ်ရေ - ၁၀၀၀၊ ဒုတိယအကြိမ်

၁၉၉၂ ခုနှစ်၊ မေလ

တန်ဖိုး-၁၉ ကျပ်

အဖုံးပန်းချီ-ဒီဇိုင်း မောင်ဓမောင်ဝင်း

**မျက်နှာဖုံး ပုံနှိပ်**

ဦးကျော်ဇင် (မြ-၀၄၂၂၉)ခိုင်ရည်မွန် ပုံနှိပ်တိုက်
အမှတ်-၈၁၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

မိုးကုဘ်မောင်ဟန်(၀၈၇၆) ကမ္ဘာလုံးစာပေ
၂၅၉၊ နဝဒေးလမ်း၊ ဝါဆိုရပ်ကွက်
ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဒေါ်မျိုးစန္ဒာ (၀၄၀၈၂)၊ မိတ်ကောင်း ပုံနှိပ်တိုက်
အမှတ် ၈၉၊ ၅၆ လမ်း၊ ရန်ကုန်မြို့။

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**

— စာရေးသူ၏ အကြောင်းပြ နိဒါန်း.... ၁

၁။ ညောင်ရမ်းမင်းသား
မင်းရဲနန္ဒမိတ်ခေါ် မောင်သစ္စာအား ၄
ဘေးမဲ့ဆရာတော် ချီးမြှင့်တော်မူသည့်
ကောင်းခြင်းမင်္ဂလာ ဂါထာတော်များ

၂။ မဟာတိပိဋကာ လင်္ကာရ
ဘွဲ့တံဆိပ်တော်ရ
တောင်ဖီလာဆရာတော်
အရှင်မုနိန္ဒဃောသ အရှင်သူမြတ်၏
ဂါထာတော်များ .... ၁၅

၃။ မောင်းထောင် သာသနာပိုင်
ဆရာတော်ဘုရားကြီး၏
အသုံးချ ပဋ္ဌဝိဇယ ဂါထာတော်. .... ၂၄

၄။ ထွဋ်ခေါင်ဆရာတော်
အရှင်သူမြတ်၏
လက်စွဲဂါထာတော်များ .... ၃၁

၅။ အဂ္ဂမဟာ ပဏ္ဍိတ
မန်လည် ဆရာတော်
အရှင်သူမြတ်၏
လက်စွဲဂါထာတော်များ .... ၃၈

၆။ အဂ္ဂမဟာပဏ္ဍိတ
မန်လည်ဆရာတော်
အရှင်သူမြတ်နှင့်
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု
ရွှေကျင် သာသနာပိုင်
စံကင်းဆရာတော် အရှင်သူမြတ်တို့
ရွတ်ပွားမလွှဲရှိသော
သဗ္ဗဇယ မင်္ဂလာ ဂါထာတော်ကြီး .... ၄၅

မုံရွာမြို့
အဂ္ဂမဟာပဏ္ဍိတ
လယ်တီဆရာတော်ဘုရားကြီးနှင့်

ပခုက္ကူမြို့
အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု

သာသန ဝိပုလာရာမ (မန္တလေး)တိုက်
ဆရာတော်
အရှင်သာသနမထေရ်
အရှင်သူမြတ်တို့၏
လက်စွဲဂါထာတော်များ .... ၆၁

၈။ မိုးညှင်းတောရ ဆရာတော်
အရှင်သူမြတ် လေးစားစွာ
အသုံးချတော်မူခဲ့သည့်
သမ္ဗုဒ္ဓေကပ်ကျော်ဂါထာတော်ကြီး.... ၇၄

၉။ အဂ္ဂမဟာ ပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု
ခရမ်း–ကိုင်းကုန်း
ပါဠိတက္ကသိုလ် ကျောင်းတိုက်
ဆရာတော် ဘဒ္ဒန္တ သုဒဿန
အရှင်သူမြတ် အသုံးချတော် မူခဲ့သော
အဋ္ဌာနမေတံ ပါဠိတော် .... ၈၇

၁၀။ ဂုဏ်တော်, ပရိတ်တော်,
ဂါထာတော်များကို အခြေခံ၍
သစ္စာစကားဖြင့်
အခက်အခဲ လွတ်မြောက်
အောင်မြင်နည်း .... ၉၀

# ပြင်ဆင်ဖတ်ရှုပါရန်

| စာမျက်နှာ | စာပိုဒ် | စာကြောင်း | မှား | မှန် |
|---|---|---|---|---|
| ၁ | ၁ | ၃ | ကြည်လျှင် | ကြည့်လျှင် |
| ၉ | ၁၂ | ၁ | အာဋ္ဌာပကံ | အာဋ္ဌာကံ့ |
| ၁၁ | ၆ | ၁ | သဋ္ဌာက | သဋ္ဌက |
| ၁၉ | ၁ | ၄ | အရပ်ထို့၌၊ | အရပ်တို့၌။ |
| ၂၇ | ၁ | ၃ | မဋ္ဌမာရုံ | ပဋ္ဌမာရုံ |
| ၃၃ | ၂ | ၇ | နန္ဒောပနန္ဒနှင့်မြဟ္မဖ | နန္ဒောပနန္ဒ မြဟ္မဖ |
| ၃၉ | ၂ | ၁၃ | နဂါး၊ | နဂါ၊ |
| ၄၂ | ၁ | ၁ | ရှိကြောင်း။ | ရှိကြောင်း |
| ၄၉ | ၃ | ၁ | ပါထာ | ဂါထာ |
| ၅၅ | ၂ | ၃ | ဂါဟာ | ဂါထာ |
| ၅၆ | ၁ | ၈ | အားနန္ဒာ | အာနန္ဒာ |
| ၅၈ | ၁ | ၁၆ | မြေမိုးသ်မ့်ဖြား၊ | မြေမိုးသိမ့်ဖြာ၊ |
| ၆၆ | ၂ | ၁၁ | တို့သည် | တို့သည်။ |
| ၈၀ | ၃ | ၁ | မြတ်စိန္တော၊ | မြတ်လှစိန္တော၊ |
| ၈၁ | ၁ | ၉ | ခရီးလျှောက် | ခရီးလျှောက် |
| ၈၂ | ၁ | ၁ | ကွမ်းစားသတ္တော | ကွမ်းစွားသတ္တော် |
| ၈၈ | ၁ | ၂ | ဝေါရောပေထ | ဝေါရောပေယ |
| ၉၃ | ၆ | ၁ | ယင်းသို | ယင်းသို့ |
| ၉၈ | ၃ | ၅ | မဟူသု | မဟုသုတ |

# စာရေးသူ၏ အကြောင်းပြနိဒါန်း

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ**

ရှေးခေတ်မှသည် ယခုနှင့် မျက်မှောက် ကာလအထိ တည်ရှိနေသော-တွေ့ခနေရသော ဂုဏ်တော်ဖွဲ့ ဂါထာတော်များကို သုံးသပ်ကြည့်လျှင်—

၁။ ဘုရားဟော ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာ စသော ကျမ်းကြီး ကျမ်းခိုင်တို့၌ လာသည့် ပါဠိ ဂါထာများ တွေ့ရသလို—

၂။ ဘုရားဟောမဟုတ် သော်လည်း စာတတ် အကျော် ဆရာတော်ကြီးများ၊ ပညာရှင် ကြီးများ ကိုယ်ပိုင် ဉာဏ်စွမ်းဖြင့် စပ်ဆိုခဲ့ သော ဂုဏ်တော်ဖွဲ့ ဂါထာတော်များ ကိုလည်း တွေ့ရပေသည်။

၃။ ထို့ပြင် ရတနာသုံးပါးဖွဲ့ မဟုတ်သော ရိုးရိုး ဂါထာမန္တန်များကိုလည်း တွေ့နိုင် ပါသည်။

ဤအသုံးချ ဂါထာတော်များ အဖွင့်၌ ဖော်ပြထား သော ဂါထာများမှာ ဘုရားဟော ပါဠိ ဂါထာ တော်များ ပါဝင်သလို ရှေးခေတ် ပညာရှိကြီးများ စပ်ဆိုခဲ့ကြသည့် ဂုဏ်တော်ဖွဲ့ ပါဠိ ဂါထာများလည်း ပါဝင်ပါသည်။

ရတနာသုံးပါး ဂုဏ်တော်ဖွဲ့ ဂါထာ ဒေသနာတို့ သည် ဗုဒ္ဓပိဋကတ်တော် အသီးသီး၌ သူ့နည်း သူ့ ဟန်ဖြင့် များစွာ တည်ရှိနေပါသည်။

ထိုသို့ ပိဋကတ်တော်၌ရှိနေသော ဂါထာ ဒေသနာ တို့ကို ထုတ်ယူသုံးစွဲခြင်း၊ ထပ်ဆင့် ဖြန့်ဖြူးခဲ့ခြင်းတို့ ကြောင့် ကောင်းကျိုးချမ်းသာ ရခဲ့သော သာဓက များလည်း ပေါ်ထွက်လာခဲ့ပါသည်။

ဂါထာ ဒေသနာဝိုသည် အသုံးချတတ်လျှင် အသုံးချတတ်သလောက် ကောင်းကျိုးမင်္ဂလာ ဖြစ်ထွန်းပါမည်။

သမ္ဗုဒ္ဓေ ဂါထာတော်သည် ဘုရားဟော မဟုတ်ပါ၊ သို့သော် သဒ္ဒါရေး၊ အနက်ရေး ညီညွတ် ကောင်းမွန် လှသဖြင့် သတင်းကြီး ခဲ့-ထင်ရှားခဲ့ရသည်။ ယင်းဂါထာကြောင့် ကောင်းကျိုး ဖြစ်ထွန်းကြောင်း သာဓက များစွာလည်း ထွက်ပေါ်ခဲ့သည်။

မိုးညှင်း သမ္ဗုဒ္ဓေ စေတီတော်ကြီး ပေါ်ပေါက်လာရခြင်းကို စဉ်းစားလျှင် သမ္ဗုဒ္ဓေ ဂါထာတော်၏ လှုံ့ဆော်မှု စွမ်းအင်ကို သိနိုင်ပါသည်။ ပညာရှင်အများအပြားကလည်း သမ္ဗုဒ္ဓေ ဂါထာတော်ကို ချီးကျူးခဲ့ကြပါသည်။

ထို့ကြောင့် သမ္ဗုဒ္ဓေ ဂါထာနှင့် ယင်းဂါထာ၏ သဘောတရား အဖွင့်ကို ဤ စာအုပ်၌ မပါ မဖြစ် သဘောဖြင့် ဖော်ပြထားပါသည်။

ဤစာအုပ်၌ပါရှိသည့် ဂါထာတော်များ အားလုံးသည် ဆရာတော်ကြီးများ လက်တွေ့ရွတ်ဖတ်ခြင်း၊ အသုံးချခြင်း ပြုခဲ့သော ဂါထာတော်များ ဖြစ်ပါသည်။ သူ့နည်း သူ့ဟန်အရ လက်တွေ့ အောင်မြင်မှု ရခဲ့သော ဂါထာတော်များလည်း ဖြစ်ပါသည်။

ပါဠိများကို ရွတ်ဖတ်ရာ၌ ပါဠိစာပေနှင့် ဝေးသူများပါ အခက်အခဲ မရှိစေရန် ပါဠိများ၏ အသံထွက် ရွတ်ဖတ်နည်းကို ဖော်ပြထားပါသည်။

ဤစာအုပ်၌ ပါဝင်သော ဂါထာတော်, ပါဠိတော်များ၏ အကျိုးသက်ရောက်မှုကို ခြုံငုံ၍ ကြည့်လိုက်လျှင်—

- အသက်ရှည် ကျန်းမာမှုအတွက် အကျိုးသက်ရောက်မှု ရှိစေခြင်း၊
- စိတ်ချမ်းသာမှုကို ဖြစ်စေခြင်း။
- စီးပွား လာဘ်လာဘ တိုးတက် ရရှိရေးကို ဖြစ်စေခြင်း၊
- ဘေး ရန် အန္တရာယ် အသွယ်သွယ်တို့ ကင်းဝေးလျက် ကောင်း ခြင်း မင်္ဂလာ ဖြစ်စေခြင်း၊
- ဘဝ အခက်အခဲ အနှောင်အဖွဲ့ကို လွန်မြောက် စေခြင်း စသည့် အကြောင်းအရာများ၊ အကျိုးသက်ရောက်မှုများကို တွေ့ရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဤစာအုပ်ပါ ဂါထာ ပါဠိ များသည် လက်တွေ့ အသုံးချလျှင် လက်တွေ့ ကောင်းကျိုး ရရှိစေမည် ဖြစ်ပါသည်။

သို့သော် ပရိတ် ဂါထာ ဂုဏ်တော် ဒေသနာများသည် ကောင်းကျိုး ဖြစ်ထွန်းစေသည် မှန်သော်လည်း ရွတ်ဖတ်သူ ဘက်က ချွတ်ယွင်းချက်များ ရှိခဲ့လျှင် အကျိုးပေး ထက်သင့် သလောက် မထက်ကြောင်း၊ အကျိုးပေးမှု အလွန်တရာ နည်းတတ်ကြောင်း သတိပြုကြရမည် ဖြစ်သည်။

ဤသို့ ဆိုသဖြင့် စိတ်ပျက်စရာဟု မထင်သင့်ပါ၊ ဤဂါထာများကို ရွတ်ပွားကြသူများသည်-

- ဂါထာများ၌ ပါသည့် ရတနာသုံးပါး ဂုဏ်တော်တို့ကို အာရုံပြု ရွတ်ပွားမှု ကုသိုလ်သည် နောင်ဘဝ အဆက်ဆက် အတွက် ကောင်းမြတ်သော ရိက္ခာထုပ် ဖြစ်ခြင်း၊
- ဤဘဝ သေခါနီး ကာလတွင် ဤဂါထာပါဌ်များ၌ပါသည့် ဂုဏ်တော်များကိုစိတ်၌ စွဲမှီ အောက်မေ့ စေခဲ့ပါလျှင် မကောင်းသော အတိတ် နိမိတ်များ ပျောက်ကွယ်ကာ ကောင်းရာ မွန်ရာ အာရုံ ပြုနိုင်လျက် ဘဝကူးကောင်းနိုင်ခြင်း ဟူသော အချက်ကြီး နှစ်ချက် ရရှိနိုင်ပါသည်။

လူတစ်ယောက် သေခါနီး ကာလ၌ ယောနိသောမနသိကာရ- သင့်တင့်လျောက်ပတ်သော နှလုံးသွင်း ရှိဖို့ လိုပါသည်။

ထိုသို့သော အခါမျိုးတွင် ဘေးလူများ အနေဖြင့် ပရိတ်ဂါထာ ဂုဏ်တော် ဒေသနာများ ရွတ်ဖတ်ပြကာ သေမည့်သူ၏ မကောင်းသော အာရုံ နိမိတ်များကို ပြောင်းလဲ ပစ်နိုင်ပါသည်။

ဤစာအုပ်ပါ ဂါထာများကို ယင်းသို့သော နည်းဖြင့်လည်း အသုံးချတတ်ပါစေ ဟူသော သဘောဖြင့် ဤသို့ တင်ပြရခြင်း ဖြစ်ပါသည်။ လက်တွေ့ အသုံးချကြည့်စေချင်ပါသည်။ အလွတ်မရလျှင် စာအုပ်ကို ကြည့်၍ ရွတ်ဖတ် ပေးနိုင်ပါသည်။

## သစ္စာဆိုပါ

ဤစာအုပ်ပါ ဂါထာများအနက် မိမိကြိုက်နှစ်သက်ရာ ဂါထာကို ထုတ်နုတ် သုံးစွဲနိုင်ပါသည်။

ရွတ်ပွား သုံးစွဲပြီးတိုင်းလည်း ဤစာအုပ် နောက်ဆုံး၌ ဖော်ပြထားသည့် အတိုင်း သစ္စာဆိုမှုကို ပြုရန် တိုက်တွန်းပါသည်။

ရှေးခေတ် သူတော်ကောင်းကြီးများ၏ထုံးကိုနှလုံးမူကာ ကောင်းမြတ်သော စိတ် ဆန္ဒဖြင့် ဤစာအုပ်ပါ ဂါထာပါဠိများကို အကျိုးရှိစွာ ရွတ်ဖတ်၊ ဆောင်ယူနိုင်ကြပါစေ၊ ကောင်းခြင်း မင်္ဂလာလည်း ဖြစ်ထွန်းကြပါစေ ဟု ဆန္ဒပြု တိုက်တွန်းရင်း နိဂုံးချုပ်ပါသတည်း။

ရွှေညာ-မောင်ယဉ်စိုး

၁၇-၅-၈၉

ပရိယတ် ပဋိပတ်အကျော်

ဆရာတော်ကြီးများ လက်စွဲ

# အသုံးချ ဂါထာတော်များ အဖွင့်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

ညောင်ရမ်းမင်းသား

မင်းရဲနန္ဒမိတ် ခေါ် မောင်သစ္စာအား

ဘေးမဲ့ ဆရာတော် ချီးမြှင့်တော်မူသည့်

## ကောင်းခြင်းမင်္ဂလာဂါထာတော်များ

ပါဠိ

(က) မာရံ ယက္ခံ ဂဇံ စောရံ၊

စိဉ္စမာနဉ္စ သစ္စကံ။

နာဂံ ဗကံ ဇိနိ ဇိနော၊

ဟောတု မေ ဇယ မင်္ဂလံ။

(ခ) မာရံ အာဠဝကံ ဟတ္ထိ၊
အင်္ဂုလိမာလ စိဉ္စကံ။
ကုဒ္ဒန္တံ နာဂရာဇဉ္စ၊
ဗကံ အဇိနိ တေဇသာ။

## ပါဠိများ အသံထွက် ရွတ်ဖတ်နည်း

(အပိုဒ်—၁)

ယက္ခံ—ယက်ခံ
စိဉ္စမာနဉ္စ—စိန်စမာနင်စ
သစ္စကံ—သစ်စကံ

(အပိုဒ်—၂)

ဟတ္ထိ—ဟတ်ထိ
အင်္ဂုလိမာလ—အင်ဂုလိမာလ
စိဉ္စကံ—စိန်စကံ
ကုဒ္ဒန္တံ—ကုဒ်ဒတံ
နာဂရာဇဉ္စ—နာဂရာဇင်စ

### အနက်

(က) ယော ဇိနော၊ အကြင် ငါးမာရ် အောင်မြင် ဘုရားရှင်သည်—

၁။ မာရံ၊ မာရ်နတ်မင်းကို လည်းကောင်း။
၂။ ယက္ခံ၊ အာဠဝက ဘီလူးမင်းကို လည်းကောင်း။
၃။ ဂဇံ၊ နာဠာဂိရိ ဆင်ကို လည်းကောင်း။
၄။ စောရံ၊ အင်္ဂုလိမာလ မည်ခေါ် သူခိုးကျော်ကို လည်းကောင်း။
၅။ စိဉ္စမာနဉ္စ၊ စိဉ္စမာန မိန်းမယုတ်ကို လည်းကောင်း။
၆။ သစ္စကံ၊ ကုဒိဋ္ဌိ အမည် ရှိသော သစ္စက ပရိဗိုဇ်ကို လည်းကောင်း။
၇။ နာဂံ၊ နန္ဒောပနန္ဒ နဂါးမင်းကိုလည်းကောင်း။
၈။ ဗကံ၊ ဗက မည်သော ဗြဟ္မာကြီးကို လည်းကောင်း။

အဇိနိ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ ထိုသို့ အောင်မြင်တော်မူသော တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့်။မေ၊ အကျွန်ုပ်အား။ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

(ခ) ယော ဇိနော၊ အကြင် ငါးမာရ် အောင်မြင်ဘုရားရှင်သည်-

၁။ မာရံ၊ မာရ်နတ်မင်းကို လည်းကောင်း။
၂။ အာဠဝကံ အာဠဝက ဘီလူးမင်းကို လည်းကောင်း။

၃။ ဟတ္ထိ၊ နာဠာဂိရိ ဆင်ကို လည်းကောင်း။

၄။ အင်္ဂုလိမာလဋ္ဌ၊ အင်္ဂုလိမာလ မည်ခေါ် သူခိုးကျော်ကို လည်းကောင်း။

၅။ စိဉ္စမာနဋ္ဌ၊ စိဉ္စမာန မိန်းမယုတ်ကို လည်းကောင်း။

၆။ ကုဒ္ဒိဋ္ဌိ၊ သစ္စက အမည်ရှိသော ကုဒိဋ္ဌိ ပရိဗိုဇ်ကို လည်းကောင်း။

၇။ နာဂရာဇဋ္ဌ၊ နန္ဒောပနန္ဒ နဂါးမင်းကို လည်းကောင်း။

၈။ ဗကံ၊ ဗကမည်သော ဗြဟ္မာကြီးကို လည်းကောင်း။

အဇိနိ၊ အောင်တော်မူသည်။ တံ တေဇသာ၊ ထိုသို့ အောင်မြင်တော်မူသော တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့်။ ဓေ၊ အတွက်နိုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## စကားပြေ

(က) အကြင် ငါးမာရ် အောင်မြင် ဘုရားရှင်သည်–

၁။ မာရ်နတ်မင်းကို လည်းကောင်း၊
၂။ အာဠဝက ဘီလူးမင်းကို လည်းကောင်း၊
၃။ နာဠာဂီရိ ဆင်ကို လည်းကောင်း၊
၄။ အင်္ဂုလိမာလ မည်ခေါ် သူခိုးကျော်ကို လည်းကောင်း၊
၅။ စိဉ္စမာန မိန်းမယုတ်ကို လည်းကောင်း၊
၆။ ကုဋိလ္လ အမည်ရှိသော သစ္စကပရိဗိုဇ်ကို လည်းကောင်း၊
၇။ နန္ဒော ပနန္ဒ နဂါးမင်းကို လည်းကောင်း၊
၈။ ဗကအမည်ရှိသောဗြဟ္မာကြီးကိုလည်းကောင်း-

အောင်တော်မူလေပြီ၊ ထိုသို့ အောင်မြင်တော်မူသော တန်ခိုး တေဇော် အာနုဘော်တော် အားဖြင့် အကျွန်ုပ်အား အောင်ခြင်း မင်္ဂလာသည် ဖြစ်ပါစေသတည်း။

(ခ) အကြင် ငါးမာရ် အောင်မြင် ဘုရားရှင်သည်-

၁။ မာရ်နတ်မင်းကို လည်းကောင်း၊
၂။ အာဠဝက ဘီလူးမင်းကို လည်းကောင်း၊
၃။ နာဠာဂီရိ ဆင်ကို လည်းကောင်း၊
၄။ အင်္ဂုလိမာလ မည်ခေါ် သူခိုးကျော်ကို လည်းကောင်း၊

၅။ စိဥ္စမာန မိန်းမယုဘ်ကို လည်းကောင်း၊
၆။ ကုဥ္စတ္ထ အမည် ရှိသော သစ္စက ပရိဗိုဇ်ကိုလည်းကောင်း၊
၇။ နန္ဒောပနန္ဒ နဂါးမင်းကို လည်းကောင်း၊
၈။ ဗက မည်သော ဗြဟ္မာကြီးကို လည်းကောင်း–

အောင်တော်မူလေပြီ၊ ထိုသို့ အောင်မြင်တော်မူသော တန်ခိုးတေဇော် အာနုဘော်တော် အားဖြင့် အကျွန်ုပ်အား အောင်ခြင်း မင်္ဂလာသည် ဖြစ်ပါစေသတည်း။

## ရှင်းလင်းဖော်ညွှန်းချက်

ဤဂါထာတော် နှစ်ပုဒ်မှာ–ဘေးမဲ့ ဆရာတော် ရေးသား ချီးမြှင့်တော် မူအပ်သော အောင်ခြင်း မင်္ဂလာ ဂါထာတော် နှစ်ပုဒ် ဖြစ်သည်။

ညောင်ရမ်း မင်းသားအား ချီးမြှင့် ပေးသနားတော်မူကာ ရွတ်ဖတ်စေတော် မူခဲ့သည့် ဂါထာတော်များ ဖြစ်ပါသည်။

ဤဂါထာတော်များကို ပါဠိတွင်သာမက အနက်ပါ လွယ်ကူစွာ ကျက်မှတ်နိုင်ပါသည်။

ယင်းဂါထာတော် နှစ်ပုဒ်မှာ ဘုရားရှင်၏ အပြင် အောင်ခြင်း ရှစ်ပါးကို သရုပ်ဖော် ချီးကျူးဖွဲ့ဆို

ထားသော ဂုဏ်တော်ဘွဲ့ ဖြစ်ပေရာ ဗုဒ္ဓါနုဿတိ တစ်မျိုးပင် ဖြစ်နေပါသည်။

ဘုရားရှင်၏ အောင်မြင်မှု သဘောတရားများကို ဖော်ဆောင်ဖွဲ့ဆို ထားပေရာ ယင်း ဂါထာများကို ရွတ်ပွားသူများသည်လည်း အစစအရာရာ၌ အောင်မြင်ခြင်းများ ဖြစ်ပေါ် ရရှိနိုင်ပါသည်။ လေးလေးစားစား ရွတ်ဖတ်ကြရာသတည်း။

*

မဟာတိပိဋက လင်္ကာရ

ဘွဲ့တံဆိပ်တော်ရ

တောင်ဖီလာဆရာတော်

အရှင်မုနိန္ဒဃောသ အရှင်သူမြတ်၏

# ဂါထာတော်များ

ပါဠိ

၁။ အနေကသတာ သမ္ဗုဒ္ဓါ၊
ဥပ္ပန္နာ ဘယနာသကာ။
မမ သီသေ ပတိဋ္ဌန္တု၊
ရက္ခန္တု တေ မမံ သဒါ။

၂။ သုခါဝဟံ သတံ ဓမ္မာ၊
တိဋ္ဌန္တု ဟဒယေ မမ။
အမှေ ဧတေ ပါလယန္တု၊
သုခံ ဒေန္တု မမံ သဒါ။
၃။ သမ္ဗုဒ္ဓါန် အရဟန္တော၊
တေဇဝန္တော တတော တတော။
ဘေ မံ အံသေ ပတိဋ္ဌန္တု၊
ပါလယန္တု မမံ သဒါ။

**ပါဠိများ အသံထွက် ရွတ်ဖတ်နည်း**

**(အပိုဒ်—၁)**

သမ္ဗုဒ္ဓါ—သမ်ဗုတ်ဓာ
ဥပ္ပန္နာ —အုပ်ပန်နာ
ပတိဋ္ဌန္တု—ပတိတ်ထန်တု
ရက္ခန္တု —ရက်ခန်တု

(ရက္ခန္တု၌ ရက်ကို ယက် ဟု ယပက်လက်သံ မထွက်ရ၊ ပါဠိ၌ ရ ကောက် ဟူသမျှ လျှာလိပ်၍ အသံထွက် ရွတ်ဖတ်ရမည်။ အင်္ဂလိပ် R အက္ခရာ အသံထွက်ကဲ့သို့ မှတ်ရန်ဖြစ်သည်။)

**(အပိုဒ်—၂)**

ဓမ္မာ —ဓမ်မာ

(ဓမ္မာ ကို ဓမာ ဟု [illegible] သံ မထွက်ရ၊
‘ဓမ်’ မာ ဟု [illegible] ါ။)

အမေ့ –အန့်မေ့

ဧဝေ –ဒေအဝေ

(ဧဝေ၌ ဧ ကို အေး ဟု ဝဏ္ဏပေါက်
သံဖြင့် မဆိုရ၊ ပါဠိ၌ ဝဏ္ဏပေါက်
အောက်ကမြစ် မရှိ။)

ပါလယန္တု –ပါလယန့်တု

(ယန္တု ကို ယန်းတု ဟု အသံ
မထွက်ရ၊ ယန့်တု ဟုသာ အသံ
ထွက်ပါ။)

ဒေန္တု –ဒင်တု

(အပိုဒ်–၃)

အရဟာန္တော –အရဟာန့်တော

တေဇဝန္တော–တေဇဝန့်ဘော

### အနက်

၁။ အနေကသတာ၊ ရေတွက်မရ များပြားလှကုန်သော။ ဘယနာသကာ၊ ဘေးရန်အပေါင်း မကောင်းဟူသမျှကို တွန်းလှန် ဖျက်ဆီးတော် မူတတ်ကုန်သော။ သမ္ဗုဒ္ဓါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်တို့သည်။ ဥပ္ပန္နာ၊ ဖြစ် ထွန်း ပွင့်ပေါ

တော်မူကြလေကုန်ပြီ။ တော သမ္ဗုဒ္ဓါ၊ သစ္စာလေးပါး တရားသိမြင် ထို ဘုရားရှင်တို့သည်။ မမ၊ အကျွန်ုပ်၏။ သိဒေသ၊ ဦးခေါင်းထက်၌။ ပတိဋ္ဌန္တု၊ တည်နေတော်မူကြပါ စေကုန်သတည်း။ တော သမ္ဗုဒ္ဓါ၊ သစ္စာလေးပါး တရားသိမြင် ထို ဘုရားရှင်တို့သည်။ မမံ၊ အကျွန်ုပ်ကို။ ရက္ခန္တု၊ နေ့ညမကွာ စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

၂။ သုခါဝဟံ၊ ကောင်းကျိုးချမ်းသာအဖြာဖြာကို ရွက်ဆောင်တော် မူကြကုန်သော၊ သတံ၊ ဘုရားစသော သူတော်ကောင်းတို့၏။ မဂ္ဂါ၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ်ဓမ္မ ဟူသော ဆယ်ပါးသော တရားတော်တို့သည်၊ မမ၊ အကျွန်ုပ်၏။ ဟဒယေ၊ နှလုံးအိမ်၌။ တိဋ္ဌန္တု၊ တည်နေတော်မူကြပါစေကုန်သတည်း။ တေ ဓမ္မာ၊ ထို မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ်ဓမ္မ ဟူသော ဆယ်ပါးသော တရားတော်တို့သည်။ အမှေ၊ အကျွန်ုပ်တို့ကို။ ပါလယန္တု၊ ဘေးရန် ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော် မူကြပါစေကုန် သတည်း။ မမံ၊ အကျွန်ုပ်အား။ သဒါ၊ နေ့ရောညပါ အခါခပ်သိမ်း။ သုခံ၊ ကောင်းကျိုးချမ်းသာ အဖြာဖြာကို။ ဒေန္တု၊ ပေးတော်မူကြပါစေကုန်သတည်း။

၃။ တေဇဝန္တော၊ ကြီးမြတ်သော တန်ခိုးရှိတော်မူကြပေကုန်သော။ သမ္ဗုဒ္ဓါနံ၊ သစ္စာလေးပါး မြတ်

တရားကို ပိုင်းခြား သိမြင် ဘုရားရှင်တို့၏။ ပုတ္တာ၊ တပည့်သား သာဝကအစစ် ဖြစ်တော် မူကြပေကုန်သော။ အရဟန္တော၊ ရဟန္တာ အရှင်မြတ်တို့သည်။ တတ္ထ တတ္ထ၊ ထိုထိုအရပ်တို့၌၊ သန္တိ၊ ရှိတော် မူကြပေကုန်၏။ တေ အရဟန္တော၊ ထိုရဟန္တာအရှင်မြတ်တို့သည်။ မံ-မမ၊ အကျွန်ုပ်၏။ အံသေ၊ ဝဲ, ယာ နှစ်ဘက်ပခုံးထက်၌။ ပတိဋ္ဌိတာ၊ တည်နေတော် မူကြပါစေကုန်သတည်း။ တေ အရဟန္တော၊ ထိုရဟန္တာအရှင်မြတ်တို့သည်။ မမံ၊ အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ ပါလယန္တု၊ ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြ ပါစေကုန်သတည်း။

## စကားပြေ

၁။ ရေတွက်မရ များပြားလှကုန်သော ဘေးရန်အပေါင်းမကောင်းဟူသမျှကို တွန်းလှန် ဖျက်ဆီးတော်မူတတ်ကုန်သော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား သိမြင်ဘုရားရှင်တို့သည် ဖြစ်ထွန်း ပွင့်ပေါ်တော်မူကြသကုန်ပြီ၊ သစ္စာလေးပါး တရားသိမြင် ထိုဘုရားရှင်တို့သည် အကျွန်ုပ်၏ ဦးခေါင်းထက်၌ တည်နေတော် မူကြပါစေကုန်သတည်း။ သစ္စာလေးပါး တရားသိမြင် ထို ဘုရားရှင်တို့သည် အကျွန်ုပ်ကို နေ့ညမကွာ စောင့်ရှောက်တော် မူကြပါစေကုန်သတည်း။

၂။ ကောင်းကျိုး ချမ်းသာ အဖြာဖြာကို ရွက်ဆောင်တော်မူကြကုန်သော၊ ဘုရား စသော သူတော်ကောင်းတို့၏ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ်ဓမ္မ ဟူသော ဆယ်ပါးသော တရားတော်တို့သည် အကျွန်ုပ်၏ နှလုံးအိမ်၌ တည်နေတော်မူကြပါစေ ကုန်သတည်း။ ထို မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ် ဓမ္မ ဟူသော ဆယ်ပါးသော တရားတော်တို့သည် အကျွန်ုပ်တို့ကို ဘေးရန် ကင်းပျောက် ချမ်းသာ ရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ အကျွန်ုပ်အား နေ့ရော ညပါ အခါခပ်သိမ်း ကောင်းကျိုး ချမ်းသာ အဖြာဖြာကို ပေးတော်မူကြပါစေကုန်သတည်း။

၃။ ကြီးမြတ်သော ဟန်ခိုး ရှိတော်မူကြပေကုန်သော။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်တို့၏ တပည့်သား သာဝက အစစ်ဖြစ်တော်မူကြပေကုန်သော ရဟန္တာအရှင်မြတ်တို့သည် ထိုထိုအရပ်တို့၌ ရှိတော်မူကြပေကုန်၏။ ထို ရဟန္တာအရှင်မြတ်တို့သည် အကျွန်ုပ်၏ ဝဲ,ယာနှစ်ဘက် ပခုံးထက်၌ တည်နေတော် မူကြပါစေကုန်သတည်း။ ထိုရဟန္တာအရှင်မြတ်တို့သည် အကျွန်ုပ်အား အခါခပ်သိမ်းဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

## ရှင်းလင်း ဖော်ညွှန်းချက်

အထက်ဖော်ပြပါဂါထာတော်များမှာ တိပိဋကာလင်္ကာရ ဘွဲ့တံဆိပ်တော်ရ တောင်ဖီလာဆရာတော်၏ လက်စွဲဂါထာတော်များ ဖြစ်သည်။

တောင်ဖီလာ ဆရာတော်သည် ယင်းဂါထာတော်များကို နေထွက် တစ်ကြိမ်၊ နေမွန်းတည့် တစ်ကြိမ်နှင့် နေဝင်တစ်ကြိမ်၊ တစ်နေ့လျှင်(၃)ကြိမ် ရွတ်ဖတ်လေ့ရှိကြောင်း အဆိုရှိပေသည်။

ယင်းဂါထာတော်များ၏ အနက်အဓိပ္ပာယ်ကို ခြုံ၍ စဉ်းစားလျှင် ဤသို့သောသဘောအဓိပ္ပာယ်ရရှိမည် ဖြစ်ပါသည်–

– ပွင့်တော်မူပြီးဖြစ်သော ဘုရားရှင်တို့အား မိမိ၏ ဦးခေါင်းထက်သို့ ကြွရောက်ရန် အဓိဋ္ဌာန်ပြု ဖိတ်မန်ခြင်း၊ ကြွရောက်လာသောထိုဘုရားရှင်တို့က မိမိအား စောင့်ရှောက်ရန် တိုင်တည်လျှောက်ထားခြင်း၊

– ဆယ်ပါးသော တရားတော်မြတ်များကို မိမိ၏ နှလုံးအိမ်၌ တည်ရန် အဓိဋ္ဌာန်ပြုဖိတ်မန်ခြင်း၊ မိမိနှလုံးအိမ်၌တည်နေသောထိုဆယ်ပါးသော

၂၂၈၃၉

တရားတော်မြတ်များက မိမိအား တေးရန်ကင်း ပျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ရန် တိုင်တည်ခြင်း၊

– ရဟန္တာအရှင်မြတ်များအား မိမိ၏ ဝဲ့ယာ ပခုံးထက်၌ ကြွရောက်တည်နေရန် အဓိဋ္ဌာန်ပြု ဖိတ်မန်ခြင်း၊ ထိုရဟန္တာ အရှင်မြတ်တို့က မိမိ အား ဘေးရန်ကင်းပျောက် ချမ်းသာရောက် အောင် စောင့်ရှောက်ရန် တိုင်တည်ခြင်း–
ဟူသော အချက်များကို တွေ့နိုင်ပေသည်။

မမှိတ်ဆွေကြီး တစ်ဦးက ဤကိစ္စရပ်မျိုးများနှင့် စပ်လျဉ်း၍ စာရေးသူအား ဆွေးနွေးဖူးပါသည်။ သူ့ဆွေးနွေးချက်ထဲ၌–

'မြင့်မြတ်လှသည့်ဘုရား၊ တရား၊ ရဟန္တာ (သံဃာ)တို့အား မိမိတို့လို သားကျွေးမှု၊ မယားကျွေးမှု စသည့် ကာမဂုဏ်မှုတို့ဖြင့် ကျင် လည်နေရသည့်ပုထုဇဉ်လူသားများ၏ဦးခေါင်း နှလုံးအိမ်နှင့် ပခုံးတို့သို့ လာရောက်တည်နေရန် အဓိဋ္ဌာန်ပြု ဖိတ်မန်ခြင်းမှာ သင့်လျော်ပါမည် လော'
ဟူသော သဘောတို့ ပါဝင်ပါသည်။

သူ့ဆွေးနွေးချက်ကို စာရေးသူ အနေဖြင့် ထိုက်သလို ပြန်လည်ဆွေးနွေးတင်ပြခဲ့ရပါသည်။

သူ သဘောကျ, မကျဘော မသိပါ၊ ယခုလည်း အနည်းငယ် တင်ပြလိုပါသည်။

တောင်ဖီလာ ဆရာတော်အနေဖြင့် ဗုဒ္ဓသာသနာ၊ သီလဝန္တ ရဟန်းတော် အရှင်မြတ်ကြီးတစ်ပါး ဖြစ်တော်မူပါသည်။

သို့ဖြစ်ရာ အရှင်မြတ်အနေဖြင့် ဘုရား၊ တရား၊ ရဟန္တာတို့အား မိမိ၏ဦးခေါင်း၊ နှလုံးအိမ်နှင့် ဝဲ, ယာ ပခုံးများထက်၌ တည်နေရန် အဓိဋ္ဌာန်ပြု ပင့် ဖိတ်ပူဇော်ခြင်း၊ အရံအတား ပြုခြင်းအတွက် ပြဿနာ မရှိနိုင်ဟု မြင်မိပါသည်။

ကာမဂုဏ် ကိစ္စများကြားမှ သာမန် ပုထုဇဉ် လူသားများ အဖို့ကား ဘယ်သို့ စဉ်းစားမည်နည်း....။

ဤ၌ စာရေးသူ၏ ခံယူချက် – ထင်မြင်ချက်ကို တင်ပြပါမည်–

– ယင်း ဂါထာတော်များကို ရွတ်ဖတ် ပွားများကြရာ၌ လက်တွေ့ ကျင့်စဉ်ကြီးတစ်ရပ် ရှိနေကြောင်း သတိပြုသင့်ပါသည်။

– လက်တွေ့ ကျင့်စဉ်ကြီး ဆိုသည်မှာ ရတနာ သုံးပါးကို မိမိ၏ ဦးခေါင်း၊ နှလုံးအိမ်၊ ဝဲ၊ ယာ ပခုံးတို့၌ ပင့်ဖိတ်ထားပြီး မဟုတ်မဟတ် ကိစ္စများ မပြုလုပ်ဘဲ မိမိ၌ပင့်ဖိတ်ထားသည့် ရတနာသုံးပါးအပေါ် လေးစားစွာ နေထိုင်ဖို့ ဟူသော ကျင့်စဉ်ကြီးပင် ဖြစ်ပါသည်။

– ထို့ကြောင့် အချိန် ကန့်သတ်မှုကလေးဖြင့်သာ ဂါထာများကို ရွတ်စေလိုပါသည်။

– ဘုရား၊ တရား၊ ရဟန္တာ တို့အား မိမိဦးခေါင်း ထက်ကြွပါ၊ နှလုံးအိမ်၌ တည်ပါ၊ ပခုံးထက်၌ တည်ပါဟု အမိဋ္ဌာန်ပြု ပင့်ဖိတ်ထားပြီး ကာမီ လှမ်းသော ကြိုးတန်းအောက် ဖြတ်လျှောက် ခြင်းမျိုး စသည့် ယုတ်ညံ့သော လုပ်ရပ်မျိုး များကို ရှောင်ယင့်ပါသည်။

– တောင်ဖီလာ ဆရာတော်သည် ပင်လျှင် ယင်း ဂါထာတော်များကို တစ်နေ့ သုံးကြိမ် အချိန် ကန့်သတ်ချက်ထားပြီး ရွတ်ဆိုခဲ့ကြောင်း စာ ပေ မှတ်တမ်းအဆိုများရှိသည်ကို သတိပြုကြ ရမည် ဖြစ်ပါသည်။

ယင်း ဂါထာချားကို ရွတ်ဖတ် ပွားများကြသူများ အနေဖြင့် ရတနာသုံးပါးကို မိမိ၏ ကိုယ်အင်္ဂါ မြင့်

မြတ်သော အစိတ်အပိုင်းများ အထိအခိုက်နှင့်ပြ ပင့်ဖိတ် ပူဇော်ခြင်း ဖြစ်ရာ ဘေးရန် အန္တရာယ် အသွယ်သွယ်တို့ ကင်းဝေး စေခြင်း အကျိုးရရှိမည် ဖြစ်သည်။

ဘေးရန်အန္တရာယ်တို့ ကင်းဝေးသည့် အားလျော်စွာ ကောင်းကျိုး ချမ်းသာ စီးပွားဥစ္စာ ရတနာတို့ တိုးတက် စည်ပင်မှု ဖြစ်နိုင်ပါသည်။

သို့ဖြစ်ရာ တောင်ဖီလာ ဆရာတော်ဘုရားကြီး၏ လက်စွဲဖြစ်သော ယင်းဂါထာတော်များကို လေးလေး စားစား ရွတ်ဖတ် ပွားများကြရာသတည်း။

မောင်းထောင် သာသနာပိုင်ဆရာတော်ဘုရားကြီး၏

အသုံးချ

# ပဉ္စဝိဇယ ဂါထာတော်

## ပါဠိ

ဒေဝပုတ္တ ကိလေသဉ္စ၊
ခန္ဓမစ္စုဘိသင်္ခါရံ။
ပဉ္စမာရံ ဇိနော ဗုဒ္ဓေါ၊
တံ တေဇသာ ဘဝတု မေ။

**ပါဠိများ အသံထွက် ရွှတ်ဖတ်နည်း**

ဒေဝပုတ္တ—ဒေဝပုတ်တ
ကိလေသဉ္စ—ကိလေသင်စ
ခန္ဓမစ္စုဘိသင်္ခါရံ—ခန်ဓမစ်စုဘိသင်ခါရံ
ပဉ္စမာရံ—ပင်စမာရံ
ဗုဒ္ဓေါ—ဗုဒ်ဓော။

## အနက်

ဒေဝပုတ္တကိလေသဥ္စ၊ ဒေဝပုတ္တမာရ်, ကိလေသမာရ် လည်းကောင်း။ ခန္ဓမစ္စုဘိသင်္ခါရဥ္စ၊ ခန္ဓမာန်, မစ္စုမာရ်,အဘိသင်္ခါရမာရ် လည်းကောင်း။ ပဉ္စမာရံ၊ ဤမာရ်ငါးပါးကို။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဇိနော၊ အောင်မြင်တော်မူလေပြီ။ တံ တေဇသာ၊ ထိုငါးမာရ် အောင်မြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

## စကားပြေ

ဒေဝပုတ္တမာရ်, ကိလေသမာရ် လည်းကောင်း၊ ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ်လည်းကောင်း၊ ဤမာရ်ငါးပါးကို မြတ်စွာဘုရားသည် အောင်မြင်တော်မူလေပြီ။ ထိုငါးမာရ် အောင်မြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် အကျွန်ုပ်အား အောင်ခြင်း မင်္ဂလာ ဖြစ်ပါစေသတည်း။

## ရှင်းလင်းဖော်ညွှန်းချက်

ဤဂါထာတော်ကား—မောင်းထောင် သာသနာပိုင် ဆရာတော် အရှင်သူမြတ်ကြီးက ဘိုးတော်မင်း

တရားကြီးထံ လမ်းညွှန်ပေးသွင်းအပ်သော ဂါထာ မန္တန် သုံးဆယ်တွင် အပါအဝင် ဖြစ်သော ဂါထာ တော် ဖြစ်သည်။ ရှေးမင်းမြတ် အဆက်ဆက်တို့ လက်စွဲ ပြုကာ ရွတ်ဖတ်ခဲ့ကြသော ဂါထာများ အနက် ဤ ဂါထာလည်း ပါဝင်ပါသည်။

ဤဖော်ပြပါ ဂါထာသည် ဗုဒ္ဓမြတ်စွာ မာရ်ငါး ပါး အောင်မြင်တော်မူခြင်းကိုချီးကျူးဖွဲ့ဆိုထားသော ဂုဏ်တော်ဖွဲ့ ဂါထာတော် ဖြစ်သည်။

ဤသို့ မာရ်ငါးပါးကို ဘုရားအောင်မြင်တော်မူ သလို မိမိလည်း အောင်မြင်ပါစေဟု ဆုတောင်း ဆန္ဒပြုထားပါသည်။ ကောင်းသော အနက်အဓိပ္ပာယ် နှင့် ပြည့်စုံလှပါသည်။

ဤဂါထာကို ရွတ်ဖတ်သူများသည်–

လောကုတ္တရာ ရှုထောင့်က ကြည့်မြင် သုံးသပ် လျှင် အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ချမ်းသာ အထိ မျက်မှောက်ပြုသည့် အသိဉာဏ်မျိုး၊ စိတ်ဓာတ်မျိုး များ ဖြစ်ပေါ် လာနိုင်လျက် လောကီ ရှုထောင့်က ကြည့်မြင် သုံးသပ်လျှင် ရန်အမျိုးမျိုးကို အောင်နိုင် ခြင်း၊ ထိပ်တိုက် ရင်ဆိုင်ရသော အပြိုင်အဆိုင် အခက် အခဲများကို လွန်မြောက် ကျော်လွှား သွားစေနိုင်ခြင်း အကျိုးများ ရရှိနိုင်ပါသည်။

သို့ဖြစ်ရာ ဤဂါထာပါ အနက်အဓိပ္ပာယ် စကားပြေများကို ကြေညက်စွာရွတ်ဖတ်ထားကြပြီး ယုံကြည်လေးစားစွာ ပွားများကြရာသတည်း။

*

ထွင့်ခေါင်ဆရာတော် အရှင်သူမြတ်၏

# လက်စွဲ ဂါထာတော်များ

## ပါဠိ

၁။ ပုဗ္ဗဏှေ မေ ရက္ခတု နိစ္စံ၊
မဇ္ဈနှေ မေ ရက္ခတု သဒါ။
သာယဏှေ မေ ရက္ခတု ဒိနေ၊
သုခီ ဒီဃာယုကော ဘဝ။

၂။ မာရာဠာဝက နာဠာဂိရိံ၊
အင်္ဂုလိံ စိဉ္စသစ္စကံ။
နန္ဒောပနန္ဒ ဗြဟ္မဉ္စ၊
ဇယော ဇယတု မင်္ဂလံ။

## ပါဠိများ အသံထွက် ရွတ်ဖတ်နည်း

### အပိုဒ်(၁)

၁။ ဗုဒ္ဓေါ – ဗုတ်ဓော
ရက္ခတု – ရက်ခတု
နိစ္စံ – နိတ်စံ
ဓမ္မော – ဓမ်မော

### အပိုဒ်(၂)

၂။ မာရာဋ္ဌာဝကနာဋ္ဌာဂ္ဂိံ–မာရာဋ္ဌာဝကနာဋ္ဌာဂိရိန်
အင်္ဂုလိံ–အင်ဂုလိန်
စိဉ္စသစ္စကဉ္စ–စိန်စသစ်စကင်စ
နန္ဒောပနန္ဒပြဟ္မဉ္စ – နန်ဒေါပနန်ဒ ဗြန်မင်စ

### အနက်

၁။ ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ မေ၊ အကျွန်ုပ်အား။ နိစ္စံ၊ အမြဲမပြတ်။ ရက္ခတု၊ စောင့်ရှောက်တော် မူပါစေသတည်း။ ဓမ္မော၊ တရားတော်မြတ်သည်။ မမ၊ အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့် ရှောက်တော် မူပါစေ သ တည်း။ သံဃော၊ သံဃာတော်မြတ်သည်။ မေ၊ အကျွန်ုပ်

အား၊ ဒိနေ ဒိနေ၊ နေ့တိုင်း နေ့တိုင်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ မေ၊ အကျွန်ုပ်အား။ သုခိ၊ ချမ်းသာခြင်းရှိသည်။ ဒီဃာယုကော၊ အသက်ရှည်ခြင်းရှိသည်။ ဘဝ၊ ဖြစ်ပါစေသတည်း။

၂။ မုနိန္ဒော၊ မုနိ ငါးပါးကို အစိုးရတော်မူသော ဘုရားရှင်သည်။ မာရာဠဝက နာဠာဂြိဋ္ဌ၊ မာရ်စစ်ရှုးနှင့် ဘီလူး အာဠဝက ဒေါသမာန်ဝင် နာဠာဂိရိဆင်ကို လည်းကောင်း။ အင်္ဂုလိဋ္ဌ၊ အင်္ဂုလိမာလကို လည်းကောင်း။ စိဉ္စသစ္စကဋ္ဌ၊ စိဉ္စမာဝိကာ မိန်းမယုတ်နှင့် အယူမှားလိုက် သစ္စက ပရိဗိုဇ်ကိုလည်းကောင်း။ နန္ဒောပနန္ဒနှင့် ဗြဟ္မဋ္ဌ၊ နန္ဒောပနန္ဒ နဂါးမင်းနှင့်အမှားယူသီး ဗက ဗြဟ္မာကြီးကိုလည်းကောင်း။ ဇယော ယထာ၊ အောင်ခြင်းကြီးအောင်တော်မူခဲ့သကဲ့သို့။ တထာ၊ ထို့အတူ။ မေ၊ အကျွန်ုပ်အား။ မင်္ဂလံ၊ အောင်ကြောင်း မင်္ဂလာသည်။ ဇယတု၊ အောင်ခြင်းကြီး အောင်ရပါစေသတည်း။

## အနက်ပြန်ဆိုချက် ပါဠိများ၏ အသံထွက် ရွတ်ဖတ်နည်း

### အပိုင်း (၁)

### အထူးမရှိ

## အပိုင်း (၂)

## နာဋ္ဌာဂြိုဟ်–နာဋ္ဌာဂိရိနိစ

## အင်္ဂုလိဟ်–အင်္ဂုလိနိစ

### စကားပြေ

၁။ ဘုရားရှင်သည် အကျွန်ုပ်အား အမြဲမပြတ် စောင့်ရှောက်တော်မူပါစေသတည်း။ တရားတော်မြတ်သည် အကျွန်ုပ်အားအခါခါခပ်သိမ်း စောင့်ရှောက်တော်မူပါစေသတည်း။ သံဃာတော်မြတ်သည် အကျွန်ုပ်အား နေ့တိုင်း နေ့တိုင်း စောင့်ရှောက်တော်မူပါစေသတည်း။ အကျွန်ုပ်အား ချမ်းသာခြင်း ရှိသည်–အသက်ရှည်ခြင်း ရှိသည် ဖြစ်ပါစေသတည်း။

၂။ မုနိ ငါးပါးကို အစိုးရတော်မူသော ဘုရားရှင်သည် မာရ်စစ်ရှုးနှင့် ဘီလူး အာဋ္ဌာဝက ဒေါသမာန်ဝင် နာဋ္ဌာဂိရိဆင်ကို လည်းကောင်း၊ အင်္ဂုလိမာလကို လည်းကောင်း၊ စိဉ္စမာဏဝိကာ မိန်းမယုတ်နှင့် အယူမှားလိုက် သစ္စက ပရိဗိုဇ်ကိုလည်းကောင်း၊ နန္ဒောပနန္ဒ နဂါးမင်းနှင့် အမှားယူသီး ဗက ဗြဟ္မာကြီးကို လည်းကောင်း အောင်ခြင်းကြီး အောင်တော်မူခဲ့သကဲ့သို့ ထို့အတူ အကျွန်ုပ်အား အောင်ကြောင်းမင်္ဂလာသည် အောင်ခြင်းကြီးအောင်ရပါစေသတည်း။

## ရှင်းလင်း ဖော်ညွှန်းချက်

ဤ ဂါထာနှစ်ပုဒ်ကား – ထွဋ်မွခေါင် ဆရာတော် အရှင်သူမြတ်၏ လက်စွဲ ဂါထာတော် နှစ်ပုဒ် ဖြစ်ကြောင်း သိရသည်။

နံပါတ် (၁) ဂါထာသည် ရတနာ သုံးပါးကို လျှောက်ထား အကာအကွယ်ပြုကာ မိမိကိုယ်ကို ချမ်းသာပါစေဟု ဆန္ဒပြု–ဆုတောင်းသော ဂါထာ ဖြစ်သည်။

နံပါတ်(၂)ဂါထာသည် အပြင်အောင်ခြင်း ရှစ်ပါးအား ဘုရားရှင်က ဘုရားပြုကာ အနိုင်ရ အောင်မြင်တော်မူခဲ့သည်ကို ဖွဲ့ဆို ချီးကျူးသော ဗုဒ္ဓဂုဏ်တော်ဖွဲ့ ဂါထာတော်ဖြစ်သည်။

ဂါထာ နှစ်ပုဒ်လုံး၏ စကားပြေကို ဖတ်လျက် အဓိပ္ပာယ်ကို စဉ်းစားပါ၊ ပါဠိချား ရွတ်ဖတ်ရင်း ဆိုလိုချက် အနက် အဓိပ္ပာယ်ကို အာရုံပြုပါ၊ စိတ်တွင် ပို၍ ကြည်နူးရပါမည်၊ မေ့ ရသာကို ပိုမိုခံစားရပါမည်။

ယင်း ဂါထာကို ရွတ်ပွားသူများသည် အန္တရာယ်ကင်းခြင်း၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာခြင်း၊ အရာရာ၌ အောင်မြင်မှု ရရှိခြင်း စသော အကျိုးထူးများ ခံစားရရှိမည် ဖြစ်ပါသည်။

အဂ္ဂမဟာပဏ္ဍိတ မန်လည်ဆရာတော်
အရှင်သူမြတ်၏

# လက်စွဲ ဂါထာတော်များ

## ပါဠိ

၁။ သော အဟံ ဝိစရိဿာမိ၊
ဂါမာ ဂါမာ ပုရာပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ သုဓမ္မတံ။

၂။ သော အဟံ ဝိစရိဿာမိ၊
ဂါမာ ဂါမာ နဂါ နဂံ။
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ သုဓမ္မတံ။

## ပါဠိများ အသံထွက် ရွတ်ဖတ်နည်း

(အပိုဒ် ၁-၂)

| | | |
|---|---|---|
| ဝိစရိယာမိ | — | ဝိစရိတ်သာမိ |
| နမဿာမာနော | — | နမတ်သမာနော |
| သမ္ဗုဒ္ဓံ | — | သမ်ဗုတ်ဓံ |
| ဓမ္မဿ စ | — | ဓမ်မတ်သစ |
| သုဓမ္မတံ | — | သုဓမ်မတံ |

### အနက်

၁။ သော အဟံ၊ ထိုငါသည်။ သမ္ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်ကို။ နမဿမာနော၊ ရှိခိုးလျက်။ ဓမ္မဿ၊ မဂ်လေးပါး ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ္တိဟူ ဆိုအပ်သော ဆယ်ပါးသော တရားတော် မြတ်၏။ သုဓမ္မတဥ္စ၊ ကောင်းစွာဟောအပ်သော တရားတော်မြတ်၏အဖြစ်ကို လည်းကောင်း။ သံဃဿ၊ သံဃာတော် မြတ်အပေါင်း၏။ သုပ္ပဋိပန္နတ္တဉ္စ၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ ဟူသော သိက္ခာ သုံးရပ် လွန်ကောင်းမြတ်သည့် အကျင့် ပဋိပတ်ဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်ကို လည်းကောင်း။ အဘိတ္ထဝိတွာ၊ ကြည်သာစွာ ချီးမွမ်း၍။ ဂါမာ၊ ရွာတစ်ရွာမှ။ ဂါမံ၊ ရွာတစ်ရွာသို့ လည်းကောင်း။ ပုရာ၊ မြို့တစ်မြို့မှ၊ ပုရံ၊ မြို့တစ်

မြို့သို့ လည်းကောင်း။ ဝိစရိဿာမိ၊ လှည့်လည်ပါအံ့။ သွားလာပါအံ့။

၂။ သော အဟံ၊ ထိုငါသည်။ သမ္ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်ကို။ နမဿမာနော၊ ရှိခိုးလျက်။ ဓမ္မဿ၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရားတော် မြတ်၏။ သုဓမ္မတဉ္စ၊ ကောင်းစွာ ဟောအပ်သော တရားတော်မြတ်၏ အဖြစ်ကို လည်းကောင်း။ သံဃဿ၊ သံဃာတော်မြတ် အပေါင်း၏။ သုပ္ပဋိပန္နတဉ္စ၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ ဟူသော သိက္ခာသုံးရပ် လွန်ကောင်းမြတ်သည့် အကျင့် ပဋိပတ်ဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်ကို လည်းကောင်း။ အဘိတ္ထဝိတွာ၊ ကြည်သာစွာ ချီးမွမ်း၍။ ဂါမာ၊ ရွာတစ်ရွာမှ။ ဂါမံ၊ ရွာတစ်ရွာသို့။ နဂါ၊ တစ်တောင် တစ်တောင်မှ။ နဂံ၊ တစ်တောင် တစ်တောင်သို့။ ဝိစရိဿာမိ၊ လှည့်လည်ပါအံ့၊ သွားလာပါအံ့။

## စကားပြေ

၁။ ထိုငါသည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်ကို ရှိခိုးလျက် မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်၏ ကောင်းစွာ ဟော

အပ်သောတရားတော်မြတ်၏ အဖြစ်ကိုလည်းကောင်း၊ သံဃာတော်မြတ်အပေါင်း၏ အဓိသီလ, အဓိစိတ္တ, အဓိပညာ ဟူသော သိက္ခာသုံးရပ် လွန်ကောင်းမြတ်သည့် အကျင့်ပဋိပတ် ဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်ကို လည်းကောင်း၊ ကြည်သော ချီးမွမ်း၍ ရွာတစ်ရွာမှ ရွာတစ်ရွာသို့ လည်းကောင်း၊ မြို့တစ်မြို့မှ မြို့တစ်မြို့သို့ လည်းကောင်း လှည့်လည်ပါအံ့—သွားလာပါအံ့။

၂။ ထို ငါသည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်ကို ရှိခိုးလျက် မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်၏—ကောင်းစွာ ဟောအပ်သော တရားတော်မြတ်၏ အဖြစ်ကို လည်းကောင်း၊ သံဃာတော်မြတ် အပေါင်း၏ အဓိသီလ, အဓိစိတ္တ, အဓိပညာ ဟူသော သိက္ခာသုံးရပ် လွန်ကောင်းမြတ်သည့် အကျင့်ပဋိပတ်ဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်ကို လည်းကောင်း၊ ကြည်သာစွာချီးမွမ်း၍ ရွာတစ်ရွာမှ ရွာတစ်ရွာသို့ လည်းကောင်း၊ တစ်တောင် တစ်တောင်မှ တစ်တောင် တစ်တောင်သို့ လည်းကောင်း လှည့်လည်ပါအံ့—သွားလာပါအံ့။

## ရှင်းလင်း ဖော်ညွှန်းချက်

ဖော်ပြပါ ဂါထာ နှစ်ပုဒ်မှာ သံယုတ္တ နိကာယ် (သံ ၁၊ ၂၁၇)၊ သုတ္တနိပါတ် (သုတ္တနိ—၃၀၇)၊

အပဒါန် (အပ။ ၁၊ ၅၂၊ ၄၄) တို့၌ ဖော်ပြပါရှိသော ဂါထာတော်များဖြစ်သည်။ ဘုရားဟော ဂါထာတော်များဖြစ်၍ ယုံကြည် လေးမြတ်စွာ ရွတ်ပွားသင့်သည်။

ယင်း ဂါထာတော် နှစ်ပုဒ်ကို တပွရာယနသရဏဂုံ မင်္ဂလာ ဂါထာများဟု ပညာရှင်များက အမည်နာမ တပ်ပေးထားကြသည်။

ယင်း ဂါထာတော်နှစ်ပုဒ်မှာ ဗုဒ္ဓ စာပေများ၌ အတွေ့ရများလှသည်—

- အာဋ္ဌာနာဋိယ သုတ်ဘီလူး၊
- သာတာဂိရိ နတ်ဘီလူးနှင့်၊
- ဟေမဝတ နတ်ဘီလူး—

တို့၏ လက်စွဲ ဂါထာတော်များ ဖြစ်ပေသည်။

ယင်းသို့သော တန်ခိုးကြီးပါဒ်ရှင် နတ်ဘီလူးကြီးများ တလေးတစား ရွတ်ပွားခဲ့ကြသော ဂါထာတော်များဖြစ်ပေရာ ဗုဒ္ဓသာသနာဝင်များ အနေဖြင့်လည်း အားတက်သရော ရွတ်ပွားကြရန် သင့်လျော်လှပေသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မန်လည်ဆရာတော် အရှင်သူမြတ်ကြီးကား ယင်းဂါထာနှစ်ပုဒ်ကို

လက်စွဲပြု ရွတ်ပွားလေ့ရှိကြောင်း။ * စာပေ မှတ်တမ်းများအရ သိရှိရပေသည်။

သို့ဖြစ်ရာ နတ်သူတော်ကောင်း၊ ရဟန်း, ရှင်, လူ သူတော်ကောင်းကြီးများ ရွတ်ပွားခဲ့ကြသည့် ဤ ဂါထာနှစ်ပုဒ်ကို ကောင်းမြတ်သော စိတ်ထား, မြင့်မြတ် တည်ကြည်သော သဒ္ဓါတရားဖြင့် ရွတ်ပွားကြရန် ဖြစ်ပါသည်။

ဖော်ပြခဲ့သည့် ဂါထာတော်နှစ်ပုဒ်ကို ခရီးသွားလာရာ၌ အထူးပြု၍ ရွတ်ပွားသင့်ပါသည်။

အာဠဝက၊ သာတာဂိရိ၊ ဟေမဝတနတ်ဘီလူးများ မြို့,ရွာ တော,တောင် အရပ်ရပ်သို့ လှည့်လည်သွားလာရာတွင် ဤ ဂါထာနှစ်ပုဒ်ကို ရွတ်ပွား သရဇ္ဈာယ်ကာ လှည့်လည်သွားလာခဲ့ကြပေသည်။

ယင်း ဂါထာများကို ရွတ်ပွားကြသူတို့ အနေဖြင့် နတ်အပေါင်း၏ ချစ်ခင်လေးစား မြတ်နိုးမှုကို ခံရ

---

* မန်လည် ဆရာတော် အရှင်သူမြတ်ကြီးသည် သမ္ဗုဒ္ဓေ မင်္ဂလာ ဂါထာတော်ကိုလည်း ရွတ်ပွားလေ့ရှိကြောင်း မှတ်တမ်းအဆို တွေ့ရဖူးသည်။ ယင်း သမ္ဗုဒ္ဓေ မင်္ဂလာ ဂါထာကို တစ်နေရာ၌ ဖော်ပြထားပါသည်။

မည် ဖြစ်သည်။ လူကောင်းများနှင့် တွေ့ကြုံဆုံဆည်း ရမည် ဖြစ်သည်။ နတ်ကောင်း-လူကောင်းတို့၏ ကူညီစောင့်ရှောက်ခြင်း၊ အထောက်အပံ့ပေးခြင်းကို ခံယူရမည် ဖြစ်သည်။ ဘေးအန္တရာယ် အပေါင်းမှလည်း ကင်းဝေးမည်ဖြစ်သည်။

*

အဂ္ဂမဟာပဏ္ဍိတ မန်လည်ဆရာတော် အရှင်သူမြတ်

နှင့်

အဂ္ဂမဟာပဏ္ဍိတ-အဘိဓဇမဟာရဋ္ဌဂုရု

ရွှေကျင် သာသနာပိုင်

စံကင်းဆရာတော် အရှင်သူမြတ်တို့

ရွတ်ပွားလေ့ ရှိသော

# သဗ္ဗဇယမင်္ဂလာ ဂါထာတော်ကြီး

## ပါဠိ

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

## ပါဠိများ အသံထွက် ရွတ်ဖတ်နည်း

| | |
|---|---|
| အာဒိစ္စော | —အာဒိတ်စော |
| ရတ္တိမာဘာတိ | —ရတ်တိမာဘာတိ |
| စန္ဒိမာ | —စန်ဒိမာ |
| သန္နဒ္ဓေါ | —သန်နဒ်ဓော |
| ခတ္တိယော | —ခတ်တိယော |
| ဗြာဟ္မဏော | —ဗြန်မဏော |
| သဗ္ဗမဟောရတ္တိံ | —သတ်ဗမဟောရတ်တိန် |
| ဗုဒ္ဓေါ | —ဗုတ်ဓော |

### အနက်

အာဒိစ္စော၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ထွန်းပြောင်ထိန်လင်း ရှင်နေမင်းသည်။ ဒိဝါ၊ နေ့အခါ၌။ တပတိ၊ အလင်းရောင်ဖြင့် ထွန်းပြောင်တောက်ပ တင့်တယ်ခဲ့ပါ၏။ စန္ဒိမာ၊ လမင်းစန္ဒာသည်။ ရတ္တိံ၊ ညအခါ၌။ အာဘာတိ၊ အလင်းရောင်ဖြင့် ထွန်းပြောင် တောက်ပ တင့်တယ်ခဲ့ပါ၏။ သန္နဒ္ဓေါ၊ ချပ်ဝတ်တန်ဆာ ဝတ်ဆင်လာသော။ ခတ္တိယော၊ ဘုရင်မင်းမြတ်သည်။ တပတိ၊ ဗိုလ်သဘင် အလယ်ရှုချင်ဖွယ်ရာ တောက်ပ တင့်တယ်ခဲ့ပါ၏။ ဈာယီ၊ ဈာန်ဝင်စားလေ့ ရှိသော။ ဗြာဟ္မဏော၊ ရဟန္တာ အရှင်မြတ်သည်။ တပတိ၊ ဈာန်အရောင်ဖြင့်တောက်ပ

တင့်တယ်ခဲ့ပါ၏။ အထ၊ ထိုမြို့။ ဝါ-ထို့ထက်။ ဗုဒ္ဓေါ၊ တရားအလုံးစုံကို သိမြင်တော်မူပြီးသော ဘုရားရှင်သည်။ တေဇသာ၊ တန်ခိုးတေဇော် အာနုဘော်တော်ဖြင့်။ သဗ္ဗမဟောရတ္တိံ၊ နေ့ရောညပါ ချိန်ခါမလပ် အခါခပ်သိမ်း။ တပတိ၊ ဂုဏ်တော်ရောင်ဖြင့် ထွန်းပြောင် တောက်ပ တင့်တယ်တော်မူခဲ့ပါသတည်း။

## စကားပြေ

ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ထွန်းပြောင်ထိန်လင်း ရှင်နေမင်းသည် နေ့အခါ၌ အလင်းရောင်ဖြင့် ထွန်းပြောင်တောက်ပ တင့်တယ်ခဲ့ပါ၏။ လမင်းစန္ဒာသည် ညအခါ၌ အလင်းရောင်ဖြင့် ထွန်းပြောင်တောက်ပ တင့်တယ်ခဲ့ပါ၏။ ချပ်ဝတ်တန်ဆာ ဝတ်ဆင်လာသော ဘုရင်မင်းမြတ်သည် ဗိုလ်သဘင်လယ် ရှုချင်ဖွယ်ရာ တောက်ပတင့်တယ်ခဲ့ပါ၏။ ဈာန်ဝင်စားလေ့ရှိသော ရဟန္တာ အရှင်မြတ်သည် ဈာန်အရောင်ဖြင့် တောက်ပ တင့်တယ်ခဲ့ပါ၏။ ထို့ထက် တရားအလုံးစုံကို သိမြင်တော်မူပြီးသော ဘုရားရှင်သည် တန်ခိုးတေဇော် အာနုဘော်တော်ဖြင့် နေ့ရောညပါ ချိန်ခါမလပ် အခါခပ်သိမ်း ဂုဏ်တော်ရောင်ဖြင့် ထွန်းပြောင်တောက်ပ တင့်တယ်တော်မူခဲ့ပါသတည်း၊

## ရှင်းလင်းဖော်ညွှန်းချက်

ဤ သဗ္ဗဇယ မင်္ဂလာ ဂါထာတော်ကို အဂ္ဂမဟာပဏ္ဍိတ မန်လည်ဆရာတော် အရှင်သူမြတ်နှင့် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော် အရှင်သူမြတ်ကြီးတို့ လက်စွဲပြု ရွတ်ပွားလေ ရှိကြောင်း သိရပေသည်။

ဤ ဂါထာကို ယင်းဆရာတော်ကြီးများသာ လက်စွဲပြု ရွတ်ပွားခဲ့ကြသည်–လေးစားခဲ့ကြသည် မဟုတ်သေး၊ အခြား–အခြားသော ဗုဒ္ဓသာသနာဝင် သူတော်စင်ကြီးများ အများအပြားတို့လည်း လက်စွဲပြု ရွတ်ပွားခဲ့ကြလေ့ပြီ ဖြစ်သည်။

ဤ သဗ္ဗဇယ မင်္ဂလာ ဂါထာတော်သည် ဘုရားဟော ပါဠိဂါထာတော်ဖြစ်သည်။ သမိုင်းအစဉ်အလာကြီးမားခဲ့သော ဂါထာတော်လည်းဖြစ်သည်။

ရှေးခေတ်က ဆရာတော်ကြီးများ၊ ရှင်ဘုရင်များနှင့် သူတော်စင်ကြီးများလည်း ဤဂါထာကို တလေးတစား ရွတ်ပွားခဲ့ကြကြောင်း အစဉ်အလာအဆိုအမိန့်များ ရှိပေသည်။

ယင်း သဗ္ဗဇယ မင်္ဂလာ ဂါထာတော်သည် သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂ၊ ဘိက္ခုသံယုတ် ပါဠိတော်၌လည်း

ကောင်း၊ ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၊ အာနန္ဒတ္ထေရဝတ္ထု၌လည်းကောင်း ပါရှိပေသည်။

ယင်းဂါထာ ပါဠိတော်၏ အစွမ်း သတ္တိကြောင့် ကောင်းကျိုး ဖြစ်ထွန်းရပုံ သာဓက ဇာတ်လမ်းတစ်ပုဒ် ထုတ်ပြကာ ရှင်မဟာဗုဒ္ဓဃောသ အရှင်မြတ်ကြီးကလည်း နိဒါနဝဂ္ဂသံယုတ္တ အဋ္ဌကထာတွင် ဖော်ပြခဲ့သည်။

ဤ၌ ယင်းပါထာတော်၏ သမိုင်းအချုပ်ကိုဖော်ပြလိုပါသည်—

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက ဖြစ်ပါသည်—

ကုက္ကုဋဝတီပြည်တွင် မဟာကပ္ပိနမင်းနှင့် အနောဇာဒေဝီတို့ စိုးစံ အုပ်ချုပ် မင်းလုပ်နေသည်။

တစ်နေ့တွင် ကုန်သည်များသည် ကုက္ကုဋဝတီပြည်သို့ရောက်ခိုက် ဘုရင်ကပ္ပိနထံ အဖူးအမြော်ဝင်ရောက်ကြသည်။

မဟာကပ္ပိနမင်းက ကုန်သည်များ၏ အရပ်ဒေသ၌ သတင်းထူး ရှိမရှိ မေးရာ ကုန်သည်များက ဗုဒ္ဓ ဂေါတမဘုရား ထင်ရှားပွင့်ထွန်း ပေါ်ပေါက်တော်မူနေသော သတင်းထူးကို လျှောက်တင်ကြသည်။ ဘုရား

ရတနာနှင့်အတူ တရားရတနာ၊ သံဃာ ရတနာတို့ ပါ ပေါ်ထွန်းနေပြီ ဖြစ်ကြောင်း လျှောက်တင်ကြသည်။

ထိုသို့သော သတင်းကောင်း သတင်းထူးကို ကြားသိခွင့်ရသဖြင့် မဟာကပ္ပိနမင်းသည် ထိုကုန်သည်တို့အား ငွေအသပြာများ ဆုအဖြစ် ချီးမြှင့်လိုက်ပေသည်။

ထို့ပြင် ကုန်သည်တို့အား မိဖုရား အနောဇာဒေဝီကလည်း ဆုငွေများ ချီးမြှင့်သည်။

မဟာကပ္ပိနမင်းသည် ဗုဒ္ဓအား ရည်စူးကာ ရဟန်းဝတ်လိုက်သည်။ အနောဇာမိဖုရားသည်လည်း ရဟန်းဝတ်သည်။ အခြွေအရံ အမျိုးသမီးများလည်း ရဟန်းဝတ်ကြကုန်၏။

ထိုသို့ ရဟန်းအသွင်ကို ယူကြပြီးနောက် မြတ်စွာသိတင်းသုံးတော်မူရာ သာဝတ္ထိပြည်သို့ ထွက်ခဲ့ကြသည်။ လမ်းတွင် မြစ်သုံးစင်းကို ဖြတ်ကူးခဲ့ကြပေသည်။

မြတ်စွာဘုရားသည် နံနက်လင်းအားကြီး အချိန်၌ လောကရှိ ကျွတ်ထိုက်သူများအား သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ဖြန့်မိုး၍ ကြည့်ရှုတော်မူရာ မဟာကပ္ပိနမင်းတို့ အဖွဲ့အား တွေ့မြင်တော်မူရသည်။

ထို့ကြောင့် ဘုရားရှင်သည် နံနက်ပိုင်းဆွမ်းဘုဉ်းပေးပြီးသောအခါ စန္ဒဘာဂါမြစ်သို့ ကြွရောက်လာ

ကာ ယင်းမြစ်အနီးရှိ ညောင်ပင်ကြီး တစ်ပင်ရင်း၌ သီတင်းသုံး ထိုင်နေတော်မူပါသည်။ ရောင်ခြည်တော်များလည်း ဖြန့်လွှတ်ထားပါသည်။

မဟာကပ္ပိနမင်းနှင့် အဖွဲ့ဝင်များသည် တဖြည်းဖြည်းချင်းလာခဲ့ကြရာ ညောင်ပင်ကြီးအောက်၌ သီတင်းသုံး နေထိုင်တော်မူသော ဘုရားရှင်ကို ဖူးမြင်လိုက်ကြရ၏။

ဘုရားကို တစ်ခါမျှ မဖူးမြင်ဘူးကြ သေးသော်လည်း ဤအရှင်သည် ဘုရားဖြစ်လိမ့်မည်ဟု ယုံကြည်ယူဆကာ ထိုင်လျက် ရှိခိုး ဦးချလိုက်ကြလေသည်၊

ရှိခိုးပြီးနောက် သင့်လျော်လျောက်ပတ်သော နေရာ၌ ထိုင်နေကြလေသည်။

ဤတွင် ဗုဒ္ဓဘုရားရှင်က သူတို့အား ကြည်လင်သန့်ရှင်းသော အသံတော်ဖြင့် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး ဟောကြားတော်မူပါသည်။

ပါရမီဓာတ်ခံ ရှိကြသူများပီပီ မဟာကပ္ပိနဘုရင်နှင့် အခြွေအရံ အသင်းအပင်း အားလုံးတို့သည် ဘုရားရှင်၏ တရားစကားကြောင့် သစ္စာသိမြင်၍ သွားကြပါသည်။

ထို့နောက် ဘုရားရှင်က ဧဟိဘိက္ခုခေါ်တော်မူပါသည်။

ရဟန္တာ ဖြစ်ပြီးသော အရှင်ကပ္ပိန (ဘုရင်မဟာကပ္ပိန) မထေရ်သည် တစ်နေ့သ၌ ဗုဒ္ဓထံတော်သို့ ကြွတော်မူသည်။ အရှင့်အား မြတ်စွာဘုရားက မြင်တော်မူသောအခါ–

'ချစ်သားရဟန်းတို့....၊ ဟိုအဝေးမှ လာနေသော ရဟန်းကို ကြည့်ရှုကြလော့၊ ထိုရဟန်းသည် သမာပတ် ရှစ်ပါးနှင့် ပြည့်စုံပြီးသူ ဖြစ်သည်။ သူ့၌ မဝင်စားဖူးသေးသော သမာပတ် ဟူ၍လည်း မရှိဖူးချေ။ သူသည် အရဟတ္တဖိုလ်ကိုလည်း ရရှိပြီးသူ ဖြစ်ချေသည်' ဟူ၍ ရဟန်းတို့အား ဗုဒ္ဓဘုရား မိန့်ကြားတော်မူပါသည်။

ထိုသို့ မင်းအဖြစ်မှ ရဟန်း ပြုလာသော အရှင်ကပ္ပိနမထေရ်ကို အကြောင်းပြု၍ မြတ်စွာဘုရားက ဂါထာနှစ်ပုဒ်ကို ဟောကြားတော်မူပါသည်။ ယင်းသို့ ဟောကြားအပ်သော ဂါထာတော် နှစ်ပုဒ်အနက် (အထက်ဖော်ပြပါ) ဒိဝါတပတိ အာဒိစ္စော–အစချီ

သော သဗ္ဗဇယ မင်္ဂလာ ဂါထာတော်သည် တစ်ခုအဖြစ် ပါဝင်ပါသည်။

ဤသည်မှာ—သဗ္ဗဇယ မင်္ဂလာ ဂါထာတော်ဖြစ်ပေါ်လာပုံသမိုင်းအချုပ်ဖြစ်ပါသည်။

ဆက်လက်၍ အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ် သဗ္ဗဇယ မင်္ဂလာဂါထာတော်နှင့် စပ်လျက် နိဒါန၀ဂ္ဂ အဋ္ဌကထာ၌ ဖော်ပြ မှတ်တမ်းတင်ခဲ့သည့် သီဟိုဠ် ဇာတ်လမ်း တစ်ပုဒ်၏ဖြစ်စဉ် အချုပ်ကို တင်ပြပါဦးမည်–

သီဟိုဠ်၌ ဘာတိကမင်း မင်းပြုလျက်ရှိသည်–

ထိုမင်းကြီးသည် တစ်နေ့တွင် နိကာယ် ပါဠိတော်များကို နှုတ်ငုံဆောင်သူ ပုဂ္ဂိုလ်တစ်ဦးအား မိမိနန်းတော်သို့ ပင့်ဖိတ်ပူဇော်ပါသည်။ထိုသို့ ပူဇော်ပြီးသောအခါမင်းကြီးက နိကာယ်ဆောင် ဆရာမြတ်အား ဤသို့ ပန်ကြား လျှောက်တင်ပါသည်–

'ဆရာ—ရတနာသုံးပါးနှင့် မလွတ်သော-ရတနာသုံးပါး ဂုဏ်တော်တို့ ပါဝင်ဖွဲ့စည်းထားသော ဇယ မင်္ဂလာ အောင်ဂါထာ တစ်ပုဒ်ကို ချီးမြှင့်ပေးသနားတော်မူပါ'

ထိုအခါ နိုကာယ်ဆောင် ပုဂ္ဂိုလ် ဆရာမြတ်က "ဒိဝါတပတိ အာဒိစ္စော"-အစရှိသော သမ္ဗုဇယ မင်္ဂလာ ဂါထာတော်ကို လက်အုပ်ချီ ရွတ်ဆိုရင်း ချီးမြှင့် ပေးသနားလိုက်ပါသည်။

ထိုသို့ နိုကာယ်ဆောင် ဆရာမြတ် လက်အုပ်ချီ ရွတ်ဆိုနေစဉ်၌ ဘုရင်မင်းမြတ်သည် ဆရာ့အား "လက်အုပ်ကို မချပါနှင့်ဦး" ဟု တောင်းပန်ကာ ဆရာမြတ်၏ လက်အုပ်အတွင်းသို့ ငွေအသပြာ တစ်ထောင်ထည့်၍ ပူဇော် ချီးမြှင့်လိုက်လေသည်။ ဤသည်မှာ အချုပ်အားဖြင့် ဖော်ပြခဲ့ခြင်း ဖြစ်ပါသတည်း။

## မန်လည်အမေး-မင်းကွန်းအဖြေ

ဤသမ္ဗုဇယ မင်္ဂလာဂါထာတော်နှင့် စပ်လျဉ်း၍-မန်လည် ဆရာတော် အရှင်သူမြတ်နှင့် မင်းကွန်း ဇေတဝန ဆရာတော်တို့သည် အမေး အဖြေ ပြုလုပ်ထား အလေးအနက် ထားတော်မူခဲ့ကြကြောင်း "သတပဒီကာပုဏ္ဏာဝိသဇ္ဇနာ" ၌လေ့လာတွေ့ရှိရပါသည်။ ဤ၌ တင်ပြလိုပါသည်-

## မန်လည်ဆရာတော် အမေး

တစ်ဂါထာ။ ။

သမ္ဗုဇယ် မင်္ဂလာလို့၊

မည်သည်ာ သနေရာဝင့်၊
ကျမ်းဖွင့် ထင်စွာ။ ။
ငါးနိကာယ် ပင်လယ်ထဲမှာလ၊
လွန်ကဲတဲ့ သည်ဂါထာ၊
ဉာဏ်မဟာ ကိုင်ဖမ်း။ ။
နက်ကျယ်စွာ၊
သမုဒ်ရေ အဏ္ဏဝါ၌၊
အာနန္ဒာမွေ့လို့ နှောက်သည့်နှယ်၊
ဘုန်းထက် အောက်စမ်း။ ။

မန်လည် ဆရာတော် ဘုရားကြီးက သဗ္ဗမင်္ဂလာဂါထာဟု အမည်သတင်းကြီးခဲ့–အစဉ်အလာကြီးခဲ့သော ဂါထာတစ်ပုဒ်ရှိပါသည်၊ နိကာယ်ငါးကျမ်း တည်းဟူသော ပင်လယ်ထဲတွင် မည်သည့်နေရာ-မည်သည့် ကျမ်း၌ ပါဝင်ကြောင်း ဖြေကြားပေးပါဟု မေးတော်မူခြင်း ဖြစ်ပါသည်။

မင်းကွန်းတောရ ဆရာတော်က ကဗျာဖြင့်ပင် အောက်ပါအတိုင်း ဖြေကြားတော်မူပါသည်–

## မင်းကွန်းတောရဆရာတော်အဖြေ

တင်ဂါထာ။ ။
သဗ္ဗင်ယ် မင်္ဂလာလို့၊

မည်သည့ာ သရေတင့်၊
ကျမ်းဖွင့် ယင်းစွာ။ ။
ငါးနိကာယ် ပင်လယ်ဝတွင်ပ၊
နိဒါန သံယုတ်မှာ၊
ဒိဝါစ ချိုကျူး။ ။
နက်ကျယ်စွာ၊
ငါးနိကာယ်အဋ္ဌကထာဝါဒ်။
အားနန္ဒာ သာလွန်ကျူးအောင်၊
ဘုန်းညာဏ်ကွန့်မြူး။ ။

မင်းကွန်းတောရ ဆရာတော် အရှင်သူမြတ်က သဗ္ဗမင်္ဂလာ ဂါထာဟု အမည်သတင်းကြီးခဲ့–အစဉ်အလာကြီးခဲ့သောဂါထာတစ်ပုဒ် ဆိုသည်မှာ နိကာယ်ငါးရပ်တွင် နိဒါနသံယုတ်မှာ ဒိဝါ တပတိ အစချီလျက် လာရှိကြောင်း ညွှန်ပြဖြေဆိုတော်မူခဲ့ပါသည်။

ဤတွင် ဤသဗ္ဗမင်္ဂလာ ဂါထာတော်နှင့် စပ်လျဉ်း၍ ဖွဲ့စပ် ဖွင့်ဆိုထားသော လင်္ကာ တစ်ရပ်ကိုလည်း တင်ပြလိုပါသည်။

ယင်း လင်္ကာကို ဖွဲ့စပ် ဖွင့်ဆိုသော စာဆိုရှင်မှာ မန်လည် ဆရာတော် အရှင်သူမြတ်ကြီး ဖြစ်၍ မဃဒေဝ လင်္ကာသစ် အပိုဒ်(၉)၌ တွေ့နိုင်ပါသည်။

## မန်လည်ဆရာတော် အရှင်သူမြတ်
## ဖွဲ့စပ်ဖွင့်ဆိုအပ်သော

### သဗ္ဗဇယမင်္ဂလာဖွဲ့လင်္ကာ

ပိဋကတ်သုံးပုံ၊ အလုံးစုံတွင်
အာဂုံဒေသနာ၊ အထူးလာသော၊
'ဒိဝါတပတိ အာဒိစ္စော'
စသော ခြောက်ပဒ၊
သဗ္ဗမင်္ဂလာ၊ တစ်ဂါထာ၌၊
ဒိဝါကရ၊ အာဒိစ္စနှင့်
သဟဿရံသီ၊ စချီများစွာ၊
သညာ မည်တွင်၊ မိုးကောင်းကင်ထက်၊
စက်ရှင် ဝင်းဝင်း၊ လေးကျွန်းချဉ်းသည့်—
နေမင်းရာဇာ၊ သူရိယာကား၊
လေးဖြာပဟိုရ်၊ တီးရိုက်ပြိုအောင်၊
နဂိုရ်နေဝယ်၊ ထွန်းတင့်တယ်၏။
ကြယ်များမိဉ္ဇာ၊ သာသိဏ္ဍန္ဒု၊
ဥဋ္ဌုရာဇာ၊ နိသာနာထ၊
စသည်ပညတ်၊ မည်မှတ်တံဆိပ်၊
ငွေယုန်ရိပ်နှင့်၊
မှောင်နိုပ်ပယ်ရှင်း၊ အေးကြည်ဝင်းသည့်၊
လမင်းရာဇာ၊ စန္ဒိမာကား၊

ညည့်ခါဦးဝယ်၊ ထွန်းတင့်တယ်၏။

မြတ်နွယ်အမျိုး၊ ဘုန်းရှိန်မိုး၍
ပိုင်စိုးရေမြေ၊ တန်ခိုးဝေသား၊

ရထေသဘ၊ ဘူဘုဇနှင့်
ဗြဟ္မဗာဟု၊ မနုဇိန္ဒ၊
စသည်တွင်ခေါ်၊ တေဇော်ထန်ပြင်း၊
ဘုန်းရောင်လင်းသည့်....
လူမင်းရာဇာ၊ ခတ္တိယ‌ကောား၊
မုဒ္ဓါဘိသေက၊ စသည် မင်းမှု၊
မင်းရတုဖြင့်၊ ဗိုလ်ထုသဘင်၊
ဖွင့်ဦးကင်နှင့်၊ ရွှေပလ္လင်ပေါ်၊
ထွက်စံပျော်၍၊ စည်တော်ရှေ့ဦး။
ရိုက်ကြူးမလွန်၊ သုံးတန်ချီချ၊
ညီတမျှဖြင့်၊ ဆိုမှုဥသုံ၊
တီးစုံ မှုတ်မျိုး၊ ပင်လယ် တိုးသို့၊
မြေမိုး သိမ့်ဖြား၊ စမွယ်ရာတွင်၊
ရာဇာဘဏ္ဍ၊ ကကုဓဟု၊
မည်ထငါးဆူ၊ တီးဖြူသင်းကျုပ်၊
သားမြီးယပ်နှင့်၊ ဖိနပ် သန်လျက်၊
စွဲဆောင်လျက်တည့်၊ ပြီးပြက်ထိန်ဝင်း၊
မင်းခင်း့ကျင်း၍၊ မင်းမြောက်တန်ဆာ၊
ဆင်ခါထိုဝယ်၊ ထွန်းတင့်တယ်ဟု၊

ဘုန်းကြွယ် မိန့်တိုင်း၊ တုမဲ့နိုင်းအောင်၊
ပြိုင်ခိုင်းမမြင်၊ ရွှေပလ္လင်ထက်၊
စက်ရှင်ဒေဝရာဇ်၊ ဗြဟ္မစစ်သို့
ဘုန်းသစ် ဖွင့်နိုး၊ ထပ်ပွင့်ဘိုး၍
တက်ဖြိုးသရေ၊ ရွှန်းရွှန်းဝေသည်။
မိုးဒေနှ လနှယ် တောက်ထွန်းသည်။

သဗ္ဗဇယမင်္ဂလာ ဂါထာတော်ကို ယုံယုံကြည်ကြည် လေးလေးစားစား ရွတ်ပွားကြသူများသည် လာဘ်လာဘများ ရရှိခြင်း၊ စည်းစိမ်ဥစ္စာ ကျက်သရေ မင်္ဂလာ တိုးတက် များပြားခြင်း၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာခြင်း၊ ဘေးအန္တရာယ် ကင်းရှင်းခြင်းစသော အကျိုးတရားများ ရရှိမည် ဖြစ်ပါသည်။

ရှေးခေတ် ပညာရှိ သူတော်ကောင်းကြီး တို့၏ ကောင်းမြတ်သောထုံး နှလုံးမူလျက် မတရားလိုချင်မှုကို ဖိနှိပ်ပြီး ကောင်းမြတ်သော ဆန္ဒ—မြင့်မြတ်သော သဒ္ဓါတရားဖြင့် ဤသဗ္ဗဇယ မင်္ဂလာ အောင်ဂါထာကို ရွတ်ပွားနိုင်ကြပါစေသတည်း။

❀

မုံရွာမြို့

အဂ္ဂမဟာပဏ္ဍိတ

လယ်တီဆရာတော်ဘုရားကြီးနှင့်

ပခုက္ကူမြို့

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု

သာသန ဝိပုလာရာမ (မန္တလေး)တိုက် ဆရာတော်

အရှင်သာသနမထေရ် အရှင်သူမြတ်တို့၏

# လက်စွဲ ဂါထာတော်များ

## ပါဠိ

၁။ ဗုဒ္ဓေါဝ မင်္ဂလော လောကေ၊
ဒေဝဗြဟ္မေဟိ သက္ကတော။
ဗုဒ္ဓံ သရဏမာဂမ္မ၊
သဗ္ဗဒုက္ခါ ပမုစ္စရေ။

၂။ ဓမ္မောဝ မင်္ဂလော လောကေ၊
သဗ္ဗပါပ ဝိနာသကော။
ဓမ္မံ သရဏာမာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

၃။ သံဃောဝ မင်္ဂလော လောကေ၊
ဘယဝေရ ဝိနာသနော။
သံဃံ သရဏမာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

၄။ ဧတံ ခေါ မင်္ဂလံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။
ဧတံ မင်္ဂလ မာဂမ္မ၊
သဗ္ဗပါပါ ပမုစ္စရေ။

၅။ ဧတံ ခေါ သရဏံ ခေမံ၊
ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏမာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

၆။ ဧတံ ခေါ ရတနံ ခေမံ၊
ဧတံ ရတန မုတ္တမံ။
ဧတံ ရတန မာဂမ္မ၊
သဗ္ဗဒေါသာ ပမုစ္စရေ။

## ပါဠိများ အသံထွက် ရွတ်ဖတ်နည်း

### အပိုဒ် (၁)

ဗုဒ္ဓေါ၀ —ဗုဒ်ဓေါ၀
မင်္ဂလော —မင်ဂလော
ဒေ၀ကုလန္တြဗြဟ္မသာနရာ —ဒေ၀အိန်ဒြဗြန်မိတ်သရော
ဗုဒ္ဓံ —ဗုဒ်ဓံ
သရဏာဂမ္မ —သရဏာဂမ်မ
သဗ္ဗဒုက္ခာ —သတ်ဗဒုတ်ခါ
ပမုစ္စရေ —ပမုတ်စရေ

### အပိုဒ် (၂)

ဓမ္မော၀ —ဓမ်မော၀
သဗ္ဗပါပ —သတ်ဗပါပ
ဓမ္မံ —ဓမ်မံ
(ကျန်ပါဠိများ—အပိုဒ် ၁—နှင့်တူပြီ)

### အပိုဒ် (၃)

(အပိုဒ်—၃—ပါဠိများမှာ အပိုဒ် ၁—၂—တို့ကိုမှီး၍ သိနိုင်သည်။)

### အပိုဒ် (၄)

တေ —တေ
(ဧ—ကို အေးဟု ၀စ္စပေါက်သံဖြင့် အသံမထွက်ရ၊ အေဟုသာ အသံထွက်ရမည်။)
မင်္ဂလမုတ္တမံ —မင်ဂလမုတ်တမံ

## အပိုင် (၅–၆)

(ရှေ့ အပိုင်များကို မှီး၍ သိနိုင်ပါသည်။)

[မှတ်ချက်။ ။ပါဠိ၌ ရကောက်ဟူသမျှ လျှာလိပ်သံ ဖြင့် ရွတ်ရန် သတိပြုပါ။]

### အနက်

၁။ လောကေ၊ လောကသုံးပါး၌။ ဗုဒ္ဓါဝ၊ ဘုရား သည်သာလျှင်၊ မင်္ဂလာ၊ ကောင်းမြတ်သော မင်္ဂလာ အစစ်ကြီး ဖြစ်တော်မူပါ၏။ ဒေဝ-မနုဿ-ဗြဟ္မ ဉ်သံရော၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်း အပေါင်းတို့ကို အစိုးရ တော်မူပါ၏၊ ဗုဒ္ဓံ သရဏံ၊ ဘုရားဟူသော ကိုးကွယ် ဆည်းကပ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ,နတ်,ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည်။ သဗ္ဗဒုက္ခာ–သဗ္ဗ ဒုက္ခတော၊ အလုံးစုံသော ဆင်းရဲဒုက္ခ အပေါင်းတို့မှ။ ပမုစ္စရေ၊ လွတ်မြောက် ကြရလေ ကုန်၏။

၂။ လောကေ၊ လောကသုံးပါး၌။ ဓမ္မောဝ၊ ဆယ် ပါးသော တရားတော်မြတ်သည် သာလျှင်။ မင်္ဂလော၊ ကောင်းမြတ်သော မင်္ဂလာအစစ်ကြီးဖြစ်တော်မူပါ၏။ သဗ္ဗပါပ ဝိနာသကော၊ အလုံးစုံသော မိစ္ဆာဓမ္မ မကောင်းမှု ဟူသမျှတို့ကို ပယ်ဖျက် တွန်းလှန်တော်

မူနိုင်ပါ၏။ ဓမ္မံ သရဏံ၊ တရားဟူသော ကိုးကွယ် ဆည်းကပ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာစ၊ လူ,နတ်,ပြဟ္မာ သတ္တဝါ အပေါင်းတို့သည်။ သဗ္ဗဒုက္ခာ - သဗ္ဗဒုက္ခေဟိ၊ အလုံးစုံသော ဆင်းရဲဒုက္ခ အပေါင်းတို့မှ။ ပမုစ္စရေ၊ လွတ်မြောက်ကြရ လေကုန်၏။

၃။ လောကေ၊ လောက သုံးပါး၌။ သံဃောဝ၊ သံဃာတော် မြတ်သည်သာလျှင်။ မင်္ဂလော၊ ကောင်းမြတ်သော မင်္ဂလာ အစစ်ကြီး ဖြစ်တော်မူပါ၏။ ဘယဝေရဝိနောဒနော၊ ခပ်သိမ်းသော ဘေးရန်တို့ကို တွန်းလှန် ဖြေဖျောက်ပေးတော် မူနိုင်ပါ၏။ သံဃံ သရဏံ၊ သံဃာဟူသော ကိုးကွယ် ဆည်းကပ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ, နတ်, ပြဟ္မာ, သတ္တဝါ အပေါင်းတို့သည်။ သဗ္ဗဒုက္ခာ - သဗ္ဗဒုက္ခေဟိ၊ အလုံးစုံသော ဆင်းရဲဒုက္ခ အပေါင်းတို့မှ။ ပမုစ္စရေ- လွတ်မြောက်ကြရလေ ကုန်၏။

၄။ ခေါ၊ အမှန် စင်စစ်အားဖြင့်။ တေ မင်္ဂလံ၊ ဤ ဘုရား, တရား, သံဃာ ဟူသော ရတနာသုံးပါး မင်္ဂလာ တရားသည်သာလျှင်။ ခေမံ၊ ဘေးရန်မရှိသည့် မင်္ဂလာ တရားကြီးအစစ် ဖြစ်တော် မူပါ၏။ တေ မင်္ဂလံ၊ ဤ ဘုရား, တရား, သံဃာဟူသော ရတနာ သုံး

ပါး မင်္ဂလာတရားသည်သာလျှင်။ ဥတ္တမံ၊ အမြတ်ဆုံးသော မင်္ဂလာတရားကြီးအစစ် ဖြစ်တော်မူပါ၏။ ဧတံ မင်္ဂလံ၊ ဤ ဘုရား,တရား,သံဃာ ဟူသော ရတနာသုံးပါး မင်္ဂလာတရားကြီးကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ,နတ်,ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည်။ သဗ္ဗပါပါ—သဗ္ဗပါပေဟိ၊ အလုံးစုံသော မိစ္ဆာဓမ္မ မကောင်းမှု ဟူသမျှတို့မှ။ ပမုစ္စရေ၊ လွတ်မြောက်ကြရလေ ကုန်၏။

၅။ ခေါ၊ အမှန် စင်စစ်အားဖြင့်။၊ ဧတံ သရဏံ၊ ဤ ဘုရား, တရား, သံဃာ ဟူသော ကိုးကွယ် ဆည်းကပ်ရာ ရတနာ သုံးပါး သည်သာလျှင်။ ခေမံ၊ ဘေးရန် မရှိသည့် ကိုးကွယ်ဆည်းကပ်ရာ အစစ် ဖြစ်တော်မူပါ၏။ ဧတံ သရဏံ၊ ဤ ဘုရား,တရား,သံဃာ ဟူသော ကိုးကွယ်ဆည်းကပ်ရာ ရတနာ သုံးပါးသည်သာလျှင်။ ဥတ္တမံ၊ အမြတ်ဆုံးသော ကိုးကွယ် ဆည်းကပ်ရာ အစစ် ဖြစ်တော်မူပါ၏။ ဧတံ သရဏံ၊ ဤ ဘုရား, တရား, သံဃာ ဟူသော ကိုးကွယ်ဆည်းကပ်ရာ ရတနာသုံးပါးကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ,နတ်,ဗြဟ္မာ, သတ္တဝါ အပေါင်း တို့သည် သဗ္ဗဒုက္ခာ—သဗ္ဗဒုက္ခေဟိ၊ အလုံးစုံသော ဆင်းရဲဒုက္ခ အပေါင်းတို့မှ။ ပမုစ္စရေ၊ လွတ်မြောက်ကြရလေကုန်၏။

၆။ ခေါ၊ အမှန်စင်စစ် အားဖြင့်။ ဧတံ ရတနံ၊ ဤဘုရား, တရား, သံဃာ ဟူသော ကိုးကွယ် ဆည်းကပ်ရာ ရတနာ သုံးပါးသည်သာလျှင်။ ခေမံ၊ ဘေးရန်မရှိသည့် ရတနာအစစ်ဖြစ်တော်မူပါ၏။ ဧတံ ရတနံ၊ ဤ ဘုရား, တရား, သံဃာ ဟူသော ကိုးကွယ် ဆည်းကပ်ရာ ရတနာသုံးပါးသည်သာလျှင်။ ဥတ္တမံ၊ အမြတ်ဆုံးသော ရတနာအစစ် ဖြစ်တော်မူပါ၏။ဧတံ ရတနံ၊ ဤ ဘုရား, တရား, သံဃာ ဟူသော ကိုးကွယ် ဆည်းကပ်ရာ ရတနာသုံးပါးကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည်။ သဗ္ဗဒေါသာ–သဗ္ဗဒေါသေဟိ၊ အလုံးစုံသော အပြစ်, ဒေါသ အပေါင်းတို့မှ။ ပမုစ္စရေ၊ လွတ်မြောက်ကြရလေကုန်၏။

## စကားပြေ

၁။ လောက သုံးပါး၌ ဘုရား သည်သာလျှင် ကောင်းမြတ်သော မင်္ဂလာ အစစ်ကြီး ဖြစ်တော်မူပါ၏။ လူမင်း, နတ်မင်း, ဗြဟ္မာမင်း အပေါင်းတို့ကို အစိုးရတော်မူပါ၏။ ဘုရားဟူသော ကိုးကွယ် ဆည်းကပ်ရာကို ကိုးကွယ်သမှု အစွဲပြု၍ လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့သည် အလုံးစုံသော ဆင်းရဲဒုက္ခ အပေါင်းတို့မှ လွတ်မြောက်ကြရလေကုန်၏။

၂။ လောကသုံးပါး၌ ဆယ်ပါးသော တရားတော်မြတ်သည်သာလျှင် ကောင်းမြတ်သော မင်္ဂလာ အစစ်ကြီး ဖြစ်တော်မူပါ၏၊ အလုံးစုံသော မိစ္ဆာ ဓမ္မ မကောင်းမှု ဟူသမျှတို့ကို ပယ်ဖျက် တွန်းလှန်တော်မူနိုင်ပါ၏။ ဘုရားဟူသော ကိုးကွယ် ဆည်းကပ်ရာကို ကိုးကွယ်သမှု အစွဲပြု၍ လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းတို့မှ လွတ်မြောက်ကြရလေကုန်၏၊

၃။ လောကသုံးပါး၌ သံဃာတော်မြတ် သည်သာလျှင် ကောင်းမြတ်သော မင်္ဂလာအစစ်ကြီး ဖြစ်တော်မူပါ၏။ ခပ်သိမ်းသော ဘေးရန်တို့ကို တွန်းလှန် ဖြေဖျောက်ပေးတော်မူနိုင်ပါ၏။ သံဃာ ဟူသော ကိုးကွယ်ဆည်းကပ်ရာကို ကိုးကွယ်သမှုအစွဲပြု၍ လူ,နတ်, ဗြဟ္မာ,သတ္တဝါအပေါင်းတို့သည် အလုံးစုံသော ဆင်းရဲ ဒုက္ခအပေါင်းတို့မှ လွတ်မြောက် ကြရလေကုန်၏။

၄။ အမှန် စင်စစ်အားဖြင့် ဤ ဘုရား, တရား, သံဃာ ဟူသော ရတနာသုံးပါး မင်္ဂလာတရားသည်သာလျှင် ဘေးရန်မရှိသည့် မင်္ဂလာတရားကြီး အစစ် ဖြစ်တော်မူပါ၏၊ ဤ ဘုရား, တရား, သံဃာဟူသော ရတနာ သုံးပါး မင်္ဂလာတရားသည်သာလျှင် အမြတ်ဆုံးသော မင်္ဂလာတရားကြီးအစစ် ဖြစ်တော်မူပါ၏။

ဤဘုရား, တရား, သံဃာ ဟူသော ရတနာသုံးပါး မင်္ဂလာတရားကြီးကို ကိုးကွယ်သမှု အစွဲပြု၍ လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့သည် အလုံးစုံသော မိစ္ဆာ ခမှု မကောင်းမှု ဟူသမျှတို့မှ လွတ်မြောက်ကြရလေ ကုန်၏။

၅။ အမှန်စင်စစ်အားဖြင့် ဤဘုရား, တရား, သံဃာ ဟူသော ကိုးကွယ်ဆည်းကပ်ရာ ရတနာ သုံး ပါးသည်သာလျှင် ဘေးရန်မရှိသည့် ကိုးကွယ် ဆည်း ကပ်ရာ အစစ်ဖြစ်တော်မူပါ၏။ ဤဘုရား, တရား, သံဃာဟူသော ကိုးကွယ်ဆည်းကပ်ရာ ရတနာ သုံး ပါးသည်သာလျှင် အမြတ်ဆုံးသော ကိုးကွယ် ဆည်း ကပ်ရာ အစစ်ဖြစ်တော်မူပါ၏။ ဤဘုရား, တရား, သံဃာဟူသော ကိုးကွယ်ဆည်းကပ်ရာ ရတနာသုံးပါး ကို ကိုးကွယ်သမှု အစွဲပြု၍ လူ, နတ်, ဗြဟ္မာ, သတ္တဝါ အပေါင်းတို့သည် အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်း တို့မှ လွတ်မြောက်ကြရလေကုန်၏။

၆။ အမှန်စင်စစ် အားဖြင့် ဤဘုရား, တရား, သံဃာဟူသော ကိုးကွယ်ဆည်းကပ်ရာ ရတနာ သုံး ပါးသည်သာလျှင် ဘေးရန်မရှိသည့် ရတနာ အစစ် ဖြစ်တော်မူပါ၏။ ဤဘုရား, တရား, သံဃာ ဟူ သော ကိုးကွယ်ဆည်းကပ်ရာ ရတနာသုံးပါးသည်သာ

လျှင် အမြတ်ဆုံးသော ရတနာ အစစ်ဖြစ်တော်မူ ပါ၏။ ဤ ဘုရား, တရား, သံဃာ ဟူသော ကိုးကွယ် ဆည်းကပ်ရာ ရတနာသုံးပါးကို ကိုးကွယ်သမှု အစွဲ ပြု၍ လူ, နတ်, ဗြဟ္မာ, သတ္တဝါ အပေါင်းတို့သည် အလုံးစုံသော အပြစ်–ဒေါသ အပေါင်းတို့မှ လွတ် မြောက်ကြရလေကုန်၏။

## ရှင်းလင်းဖော်ညွှန်းချက်

အထက်ဖော်ပြပါ ဂါထာတော်များကို အဂ္ဂမဟာ ပဏ္ဍိတ လယ်တီ ဆရာတော်ဘုရားကြီး အမြဲတစေ ရွတ်ဖတ်တော်မူသည်။ သာသနာပြု ခရီး ကြွရာ– တော, တောင်, ဒေသ အရပ်ရပ်တို့၌ တရားအားထုတ် ရာများတွင်လည်း ယင်းဂါထာတော်များကို အားကိုး အားထားပြုကာ ရွတ်ဖတ်တော်မူလေ့ ရှိသည်ဟု ဆို ပါသည်။

ထို့ပြင် ယင်းဂါထာတော်များကို ပခုက္ကူမြို့၊ သာသနဝိပုလာရာမ (မန္တလေး) တိုက်၊ အဂ္ဂမဟာ ပဏ္ဍိတ – အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ တံ ဆိပ် တော်ရ ဘဒ္ဒန္တ သာသန မထေရ် အရှင်သူမြတ်ကြီးလည်း ရွတ် ပွားလေ့ရှိကြောင်း သိရပေသည်။

ဂါထာများကို ရွတ်ဖတ်စဉ် ရှည်လျားသဖြင့် ယောင်ဝေ့ထင်မိမည် ဖြစ်သည်။ ရွတ်ဖတ်ကျင့်များလာလျှင် အခက်အခဲမရှိ ဖြစ်သွားပါမည်၊

ရှေးဦးစွာ ပါဠိကို အရကျက်ပါ။

အနက်–နိဿယကို ဖြည်းဖြည်းမှ ကျက်နိုင်၏။

အချိန်မရ၍ အရမကျက်နိုင်ဟု ဆိုကာ စိတ်ပျက်စရာ မလိုပါ၊ စာအုပ်ကို ကြည့်၍ ရွတ်နိုင်၊ ပွားများနိုင်ပါသည်။

ရွတ်ပွားပါ များလျှင် အလွတ်ရသွားမည် ဖြစ်ပါသည်၊ ရွတ်ပွားခြင်းဖြင့် မမှုရသများ ခံစားလာရမည် ဖြစ်ပါသည်။

ယင်း ဂါထာတော်များကို နေ့စဉ် သက်စေ့ ရွတ်သင့်ကြောင်း ဆရာတော်များ မိန့်မြွက်တော်မူသည်၊

အထူးသဖြင့်–သားငယ်၊ သမီးငယ်ရှိသောသူ များ (မိဘများ) အနေဖြင့် သားငယ်၊ သမီးငယ် များ အတွက် စိတ်အား ပိုမို ထက်သန်စွာဖြင့် ဖိဖိစီးစီး ရွတ်သင့်ကြောင်း တိုက်တွန်းချက် ရှိပါသည်။

ယင်းဂါထာများကို ရွတ်ဖတ်ပွားများ သူတို့သည် ရတနာသုံးပါးဂုဏ်ကို ပွားများနေခြင်း ဖြစ်ရာ ဘေး အန္တရာယ် ကင်းခြင်း အကျိုးကို ရမည်။

ထို့ပြင် အမင်္ဂလာတရားများ ရှောင်ကွင်းလျက် ကောင်းကျိုးချမ်းသာ မင်္ဂလာတရားများ ရင်ဆိုင် ကြုံတွေ့ရမည် ဖြစ်သည်။

ဆရာတော်ကြီးများကို အတုယူလျက် ကြိုးစား၍ ရွတ်ပွားကြရာသတည်း။

*

မိုးညှင်းတောရ ဆရာတော် အရှင်သူမြတ်
လေးစား အသုံးချတော်မူခဲ့သည့်

# သမ္ဗုဒ္ဓေ ကပ်ကျော် ဂါထာတော်ကြီး

ပါဠိ

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာမဟံ။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာဒရေန နမာမဟံ။

၃။ နမကာရာ နုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊
ဝိနဿန္တု အသေသတော ။

## ပါဠိများ အသံထွက် ရွတ်ဖတ်နည်း

### အပိုင်း (၁)

သမ္ဗုဒ္ဓေ—သမ်ဗုဒ်ဓေ
အဋ္ဌဝီသဉ္စ—အတ်ထဝီသင်စ
ဒွါဒသဉ္စ—ဒွါဒသင်စ
သဟဿကေ—သဟဘ်သကေ
ပဉ္စသတ သဟဿာနိ — ပင်စတ်သတ သဟတ်သာနိ

### အပိုင်း (၂)

အပ္ပကာ—အပ်ပကာ

ဂင်္ဂါ—ဂင်ဂါ

အနန္တာ—အနန်တာ
နိဗ္ဗုတာ—နိတ်ဗုတာ
ဓမ္မဉ္စ သံဃဉ္စ—ဓမ်မင်စ၊ သံဃင်စ။

## အပိုဒ် (၃)

ဟိတွာ—ဟိတ်တဝါ

သားဇွ—သတ်ဇေ

ဥပ္ပဒ္ဒဝေ—အုတ်ပတ်ဒဝေ

အန္တရာယာပိ—အန်တရာယာပိ

ဝိနဿန္တု—ဝိနတ်သန်တု

အသေသတော—အ,သေသတော။

### အနက်

၁။ အဋ္ဌဝီသံ၊ သုံးပါးဘဝ သုံးလောကဌ် ဉာဏရောင်ဖိတ် အောင်ဘိသိက်ဖြင့် နှစ်ကျိပ်ရှစ်ဆူ ကုန်သော။ သမ္ဗုဒ္ဓေစ၊ သစ္စာလေးပါး မြတ်တရားကို ထိုးထွင်းသိမြင် ဘုရားရှင်တို့ကို လည်းကောင်း။ ဒွါဒသဥ္စသဟဿေ က၊ တစ်သောင်း, နှစ်ထောင်ကုန်သော။သမ္ဗုဒ္ဓေစ၊ သစ္စာလေးပါး မြတ်တရားကို ကောင်းစွာသိမြင် ဘုရားရှင်တို့ကို လည်းကောင်း။ ပဥ္စသတ သဟဿာနိ၊ ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေစ၊ သစ္စာလေးပါး မြတ်တရားကို ထိုးထွင်းသိမြင် ဘုရားရှင်တို့ကိုလည်းကောင်း။ အဟံ၊ ဘုရားတပည့်တော်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

၂။ ဝါဠုကာ ဂင်္ဂါ၊ ဂင်္ဂါ မြစ်ထဲ၌ရှိကုန်သော ကျောက်သလဲတို့သည်။ အပ္ပကာ၊ နည်းပါးလှကုန်၏။ နိဗ္ဗုတာ၊ ပရိနိဗ္ဗာန် စံလွန်တော် မူကြကုန်ပြီးသော။ ဇိနာ၊ ငါးမာရ်အောင်မြင် ဘုရားရှင်တို့သည်။ အနန္တာ၊ အတိုင်းမသိ များလှကုန်၏။ တေသံ၊ ထိုသဲစုမက များလှသောင်းသောင်း ဘုရားရှင် အပေါင်းတို့နှင့် တကွ ငါးသိန်း, တစ်သောင်း, နှစ်ထောင်, နှစ်ကျိပ် ရှစ်ဆူကုန်သော ဘုရားရှင်တို့၏ ဓမ္မဥ၊ မဂ်လေးရပ်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ် တည်းဟူသော ဆယ်ပါးသော တရားတော်မြတ် အပေါင်းကို လည်း ကောင်း။ သံဃဥ၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန် လေးယောက်နှင့်တကွ မျက်မှောက်သမုတိ သံဃာ တော် အရှင်မြတ် အပေါင်းကို လည်းကောင်း။ အဟံ၊ ဘုရား တပည့်တော်သည်။ အာဒရေန၊ ရိုသေ မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ အရှင် ဘုရား။

၃။ နမာကာရာနုဘာဝေန၊ ရတနာမြတ်သုံးပါးကို ရှိခိုးရသော ကုသိုလ်ကံ အာနုဘော်ကြောင့်၊ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဒ္ဒဝေ၊ ဘေးရန်အပေါင်း တို့ကို။ ဟိတွာ၊ ပယ်ဖျောက်ပယ်သတ်၍။ အနေကာ အန္တရာယာပိ၊ တစ်ပါးမက များပြားလှသော အန္တရာယ်အပေါင်း မကောင်း ဟူသမျှတို့သည်လည်း။

အသေသတော၊ အကြွင်းအကျန်မရှိသော အားဖြင့်၊ ဝိနာသနတ္တု၊ ကင်းစင်လွင့်ပ ပျောက်ပျက်ကြပါစေကုန်သတည်း။

## စကားပြေ

၁။ သုံးပါးဘဝ သုံးလောက၌ ဉာဏရောင်ဖိတ်အောင် ဘိသိက်ဖြင့် နှစ်ကျိပ်ရှစ်ဆူကုန်သော သစ္စာလေးပါး မြတ်တရားကို ထိုးထွင်းသိမြင် ဘုရားရှင်တို့ကိုလည်းကောင်း၊ တစ်သောင်း့နှစ်ထောင်ကုန်သော သစ္စာလေးပါးမြတ်တရားကို ကောင်းစွာသိမြင်ဘုရားရှင်တို့ကို လည်းကောင်း၊ ငါးသိန်းကုန်သော သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့တို့ လည်းကောင်း တပည့်တော်သည် ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။

၂။ ဂင်္ဂါမြစ်ထဲ၌ ရှိကုန်သော ကျောက်သလဲ တို့သည် နည်းပါးလှကုန်၏။ ပရိနိဗ္ဗာန် စံလွန်တော်မူကြကုန်ပြီးသော ငါးမာရ်အောင်မြင် ဘုရားရှင်တို့သည် အတိုင်းမသိ များလှကုန်၏။ ထိုသဲစုမက များလှသောင်းသောင်း ဘုရားရှင် အပေါင်းတို့နှင့်တကွ ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ကုန်သော ဘုရားရှင်တို့၏ မင်္ဂလေးတန်, ဖိုလ်လေးတန်,

နိဗ္ဗာန်, ပရိယတ် တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်အပေါင်းကိုလည်းကောင်း၊ မဂ္ဂဋ္ဌာန် လေးယောက်, ဖလဋ္ဌာန်လေးယောက်နှင့် တကွ မျက်မှောက် သမုတိ သံဃာတော်အရှင်မြတ် အပေါင်းကိုလည်းကောင်း၊ ဘုရားတပည့်တော်သည် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

၃။ ရတနာမြတ်သုံးပါးကို ရှိခိုးကန်တော့ရသော ကုသိုလ်ကံ အာနုဘော်တော်ကြောင့် အလုံးစုံသော ဘေးရန်အပေါင်းတို့ကို ပယ်ဖျောက် ချိုးသတ်၍ တစ်ပါးမက များပြားလှသော အန္တရာယ် အပေါင်းမကောင်းဟူသမျှတို့သည်လည်း အကြွင်းအကျန် မရှိသောအားဖြင့် ကင်းစင်လွင့်ပ ပျောက်ပျက်ကြပါစေ ကုန်သတည်း။

## ရှင်းလင်းဖော်ညွှန်းချက်

ဤသမ္ဗုဒ္ဓေ ဂါထာတော်ကား လူသိများသလို အသုံးအစွဲလည်း များလှပေသည်။

ရဟန်း, ရှင်, လူ အများအပြား သုံးစွဲကြသဖြင့် ထင်ရှားလွန်းသော ဂါထာတော် ဖြစ်ပေသည်။

သို့ရာတွင် ယင်း သမ္ဗုဒ္ဓေဂါထာတော်ကား ဘုရားဟော မဟုတ်ချေ။ ဘုရားဟော မဟုတ်၍ မရွတ်ဖတ်

ကောင်းဟူ၍ မယူဆသင့်ပါ၊ ရွတ်ဖတ်ကောင်း၊ ရွတ်ဖတ်သင့်လှသည်သာတည်း။

ယင်း သမ္ဗုဒ္ဓေ ဂါထာတော်မှာ—သဒ္ဒါရေး၊ ပါဠိရေးအားဖြင့် အလွန်သင့်တော် လျော်ကန်လှကြောင်း တွေ့ရပေသည်။

သမ္ဗုဒ္ဓေဂါထာ ပါဠိတော်များကို ဖော်ပြကြရာ၌ ကွဲလွဲချက်အချို့ ရှိပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်မူမှာ အများစုလက်ခံနိုင်၍ သဒ္ဒါရေး-ပါဠိရေး မှန်ကန်သော မူကောင်းမူသန့် ဖြစ်ပါသည်။

သမ္ဗုဒ္ဓေ ဂါထာတော်ကို ရဟန်းရှင်လူ အများ ရွတ်ဖတ် အသုံးချကြရာ၌ ထင်ရှားသော သာဓကတစ်ရပ်မှာ မြန်မာ တစ်နိုင်ငံလုံးသာမက ကမ္ဘာကိုပါ ထင်ရှားကျော်လွှားစေခဲ့သည့် မုံရွာမြို့၊ မိုးညှင်းတောရ၏ သမ္ဗုဒ္ဓေ စေတီတော်မြတ်ကြီးပင် ဖြစ်ပါသည်။

ယင်း မိုးညှင်း သမ္ဗုဒ္ဓေစေတီတော် မြတ်ကြီးကို မိုးညှင်း တောရကျောင်းတိုက်ကြီး၏ ဦးစီးနာယက ပဓာန ဆရာတော် အရှင်သူမြတ်ကြီးက ဦးစီးဦးရွက်ပြုကာ တည်ထားကိုးကွယ်တော်မူခဲ့ခြင်းဖြစ်ပါသည်။

မိုးညှင်း ဆရာတော် အရှင်သူမြတ် ကြီးသည် သမ္ဗုဒ္ဓေဂါထာတော်၌ပါသည့် ငါးသိန်း၊ တစ်သောင်း

နှစ်ထောင်, နှစ်ကျိပ်,ရှင်ဆူ ဟူသော စကားရပ်ကို မှီငြမ်းလျက် သရုပ်ဖော်ကာ စေတီနိမ္မိတရုပ်ပွားတော် ပေါင်း တစ်သိန်းမက တည်ထား ကိုးကွယ်သမှု ပြု တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဤမျှဆိုလျှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး သည် သမ္ဗုဒ္ဓေ ဂါထာတော်နှင့် သမ္ဗုဒ္ဓေဂါထာတော် လာ စကားရပ်များကို လေးစားစွာ အသုံးချတော်မူ ခဲ့ကြောင်း သိနိုင်ပါသည်။

## ရှေးပညာရှင်ကြီးများ စီရင်ခဲ့သော သမ္ဗုဒ္ဓေ ရွတ်ဖတ်နည်းနှင့် သမ္ဗုဒ္ဓေ ရွတ်ရကျိုးလင်္ကာ

မြတ် စိန္တေ၊ သမ္ဗုဒ္ဓေဟု၊
ဆူဥဝကျော်ကြား၊ နိဒါန်းအားဖြင့်၊
ကွမ်းစားသတ္တော်၊ ခေါင်းလျော် ဒသ၊
ဘတ္တကြိန်း၊ ဆီလိမ်း ပဉ္စ၊
စီးထ လေ့မှာ၊ ရှစ်ကြိမ်သာတည့်၊
နံ့သာပန်းမျိုး၊ ကိုးကြိမ်နှိုးလော့၊
ချုပ်မိုး ညဥ့်ခါ၊
အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၏၊
ရန်သူတွေ့မြောက်၊ ဆယ့်တစ်ခေါက်တည့်၊

စင်ရောက်သောခါ၊ ရွတ်ပါကိုးကြိမ်၊
တည်ငြိမ်သန္ဓေ၊ မဖွားနေမူ၊
ရေမှာကိုးခေါက်၊ မန်း၍သောက်က၊
ဖွားမြောက်ခဏ၊ ချမ်းသာရ၏၊
မခတ္တ နှောင်သွင်း၊ သံခြေချင်းနှင့်၊
အပြင်း တိုက်လှောင်၊ တစ်ထောင်ရွတ်လေ၊
လွတ်ထွက်ပေ၏။
ပန်းမွှေးချေက၊ ရွတ်လေနှစ်ခေါက်၊
ခရီးလျှောက်ရာ၊ ခေါင်းမှာတင်စိုက်၊
ရန်ဘေး၌သည်း၊ မကြိုက်ကင်းပ၊
မြူမှုမလိမ်း၊ ကင်းလွတ်ငြိမ်း၏၊
ရှောင်တိမ်း ရောဂါ၊
ဗျာပါလည်းကင်း၊ သောကရှင်းလှ၊
မင်းမင်းတကာ၊ ကြည်စွာမြတ်နိုး၊
ရေဖြည့်အိုးသို့၊ မညှိုးပန်းသွင်၊ နေ့တိုင်းပင်တည်း။
ထွက်ဝင် ရဲရဲ၊ လူခပဲတို့၊
အံ့အဲစလောက်၊ ထွန်းတောက်ပဝင်း၊
ပွင့်လင်း သာသနာ၊ ပွားကြောင်းရှာ၍၊
စန္ဒာ လမင်း၊ ကောင်းကင်ချဉ်းသို့၊
ကောင်းခြင်း သမ္ဗုဒ္ဓ၏ အကျိုးတည်း။

## လင်္ကာ၏ ဆိုလိုရင်း အဓိပ္ပာယ်

- ကွမ်းစားသေတ္တာ .... ကွမ်းစားလျှင် ခုနစ်ကြိမ် ရွတ်ရမည်။
- ခေါင်းလျှော်ဒယ .... ခေါင်းလျှော်လျှင် ဆယ်ခေါက် ရွတ်ရမည်။
- ဘတ္တကြိုန်း .... ထမင်းစားလျှင် သုံးခေါက် ရွတ်ရမည်။
- ဆီလိမ်းပဒ္ဒ .... ခေါင်းဆီလိမ်းလျှင် ငါးခေါက် ရွတ်ရမည်။
- စီးထလေလှမှာ၊ ရှစ်ကြိမ်သာတည်း .... လှေစီးရာတွင် ရှစ်ကြိမ် ရွတ်ရမည်။
- နံ့သာပန်းမျိုး၊ ကိုးကြိမ် နှိုးသော့ .... နံ့သာလိမ်း၊ ပန်းပန်လျှင် ကိုးကြိမ်ရွတ်ရမည်။
- ညအိပ်ရာဝင်၍ ကိုးခေါက် ရွတ်ရမည်။
- ရန်သူနှင့် ရင်ဆိုင်ရာတွင် ဆယ့်တစ်ခေါက် ရွတ်ရမည်။
- စစ်ထိုး၊ စစ်ဆင် ပြုလာသောအခါ ကိုးခေါက် ရွတ်ရမည်။
- မိန်းမများ မီးမဖွားနိုင်သောအခါ ၎င်း သမ္ဗုဒ္ဓေ ဂါထာတော်ကို ရေ၌ ကိုးခေါက် မန်းလျက် တိုက်သော် လွယ်ကူစွာ မီးဖွားနိုင်၏။

- ဖမ်းဆီးချုပ်နှောင်ခြင်း၊ အကျဉ်းအကျပ် ကြုံခြင်း ဖြစ်ရပါက သမ္ဗုဒ္ဓေဂါထာကို အခေါက်ပေါင်း တစ်ထောင် ရွတ်ပါမူ လွတ်မြောက်စေနိုင်၏။
- ခရီးသွားသာရာတွင် ပန်းကို သမ္ဗုဒ္ဓေဂါထာဖြင့် နှစ်ခေါက် ရွတ်ဆို မန်းမှုတ်ပြီး ခေါင်းမှာပန်၊ အကျီအိတ်၌ ဆောင်၊ ဘေးကင်း ရန်ကင်းလျက် ကောင်းခြင်း မင်္ဂလာ ဖြစ်စေ၏။
- နေ့စဉ် ရွတ်ပွားသူများ ရောဂါ ကင်းစင်မည်။ စိုးရိမ်သောက ဗျာပါဒတို့မှ ကင်းမည်။
- သမ္ဗုဒ္ဓေဂါထာ နေ့စဉ် ရွတ်ဖတ် ပွားများသူ၌ လူပိုလ်များစွာ သူတကာတို့ ကြည်ဖြူကြလျက် ရေပြည့်အိုးသို့သာ တိုးတက်နေလျက် ရှိမည်၊ မညှိုးသောပန်းကဲ့သို့ လန်းဆန်းနေလျက်ရှိမည်။
- သမ္ဗုဒ္ဓေဂါထာကို နေ့စဉ် ရွတ်ဆိုသူသည် လစန္ဒာ ကဲ့သို့ ထင်ရှားမည်၊ တင့်တယ်မည်၊ ကျက်သရေ မင်္ဂလာ ရှိမည်၊
- သမ္ဗုဒ္ဓေ ဂါထာတော်ကို ရွတ်ဖတ်သူ များလေလေ သာသနာတော် တိုးတက် ပွင့်လင်းလေလေ ဖြစ်မည်။

အထက် ဖော်ပြချက်တို့မှာ ရှေးပညာရှိကြီးများ လက်တွေ့ ကျင့်သုံးချက်မှ ပေါ်ထွက်လာသော အကျိုး

ဆက်များကို ဖွဲ့ဆိုထားသည့် လင်္ကာ၏ လိုရင်း အဓိပ္ပာယ်များ ဖြစ်ပါသည်။

ရှေးပညာရှိကြီးများကို အားကျလျက် သမ္ဗုဒ္ဓေ ဂါထာတော်ကို လေးလေးစားစား ရွတ်ဖတ်သင့်ကြပေသည်။

## သမ္ဗုဒ္ဓေသီချင်း နှင့် ကောင်းကျိုး ဆိုးပြစ်

သမ္ဗုဒ္ဓေဂါထာကို သီချင်း ဖွဲ့၍လည်း ပညာရှင်တို့ သီဆိုကျူးရင့်ခဲ့ကြပါသည်။ ဤသို့ယင်းသီချင်းကိုပါ ဖော်ပြလိုပါသည်။

ဗုဒ္ဓတရားတော်အတွက် အကျိုးပြုသော ဂီတဖြစ်လျှင် အပြစ်မရှိ–အပ်စပ်သည်၊ ဂီတအတွက် သက်သက်မျှ အသုံးချသော တရားဆိုပါမူ မအပ်စပ်၊ မလျော်ကန်၊ အပြစ်ရှိကြောင်း....

ဆရာမြတ်တို့ အဆိုအမိန့် ရှိပါသည်။

သို့ဖြစ်ရာ သမ္ဗုဒ္ဓေ သီချင်းကို သီဆိုကြရာ၌ တရားတော်အတွက် သီဆိုခြင်းမျိုး ဖြစ်စေလျှင် ကုသိုလ်ကောင်းကျိုးရရှိနိုင်ပါသည်။ ယောနိသော မနသိကာရဖြင့် သီဆိုကြရာ၏။

## သမ္ဗုဒ္ဓေသီချင်း

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာမဟံ။

(အနန္တာ နိဗ္ဗူဇိနေ–ငင်္ဂါဝါဠု သဲစု မကခေပ....ကမ္ဘာတွေ သင်္ချာသင်္ချေ၊ နိဗ္ဗူမြေ စံနေကြတဲ့ ဘုရားမြတ် ပရမေ ရှင်တော်တွေ.... မျှော်ကာရည်စူး ဖူးတဲ့ သမ္ဗုဒ္ဓေ....)၂

(မြို့တိုင်း ရွတ်ကြပါလေ.... ရွာတိုင်း ရွတ်ကြ ဂါထာ သမ္ဗုဒ္ဓေ....အိမ်တိုင်း ရွတ်ကြပါလေ... လူတိုင်းရွတ်ကြ ဂါထာ သမ္ဗုဒ္ဓေ)၂

ငါးသိန်း, တစ်သောင်း, နှစ်ထောင်, နှစ်ကျိပ်ရှစ်ဆူ နိဗ္ဗူဇိနေ ဦးထိပ်ရွက် ပန်ကာခြွေ ဂါထာတော် ကျူးထူးတဲ့သမ္ဗုဒ္ဓေ....၊

သံပြိုင်။ (မြန်နှယ်ပြည် မယွင်းချွတ်စေ–ရွတ်ဖတ်ကြ သမ္ဗုဒ္ဓေ၊ အန္တရာယ်တွေ ကင်းလွတ်မလေ–ရွတ်ဖတ်ကြ သမ္ဗုဒ္ဓေ)၂

စည်းစိမ် ရွှေငွေ ရတနာမိုး ဂါထာ တန်ခိုးနဲ့ သွန်းဖြိုးလို့ဝေ....ဘေးရန်ခပ်သိမ်း ကင်းငြိမ်းနိုင်ကြမလေ....မြန်တိုင်း ဌာနေ အေးချမ်း

လို့၊ သာယာဖို့ အခြေ....ဂါထာတော်ကျူး....
ကျူး နိုင်ကြစေ.... (သမ္ဗုဒ္ဓေ)၂၊ ဘေး
အပေါင်း မကောင်းတွေ ဝေးကွာ ရှောင်း
မယ့် ကောင်းတဲ့ သမ္ဗုဒ္ဓေ....။

(မိုးသောက်ကျလာ.... ထ ကာ ရွတ်ကြ
လေ.... သမ္ဗုဒ္ဓေ၊ ခရီးယာယီ ခါမှီ ရွတ်ကြ
လေ.... သမ္ဗုဒ္ဓေ၊ အိပ်ရာဝင်တိုင်း မဆိုင်း
ရွတ်ကြလေ....သမ္ဗုဒ္ဓေ)၂

(မြတ်ဘုရားဂုဏ်နဲ့....မြတ်တရားဂုဏ်တွေ....
သံဃာဂုဏ်တော် ရည်မြော်စူးလို့ ကြည်နူးထူး
တဲ့ ဖူးတဲ့သမ္ဗုဒ္ဓေ)၂

(မြို့တိုင်း နယ်တိုင်း လူတွေ.... ရွာတိုင်း
အိမ်တိုင်းလူတွေ)၂

အန္တရာယ်တွေ အမှန်ကွယ်စေ....ဘေးရန်
ရှင်း ကင်းဝေးမှာ ဂါထာ သမ္ဗုဒ္ဓေ....။

သံပြိုင်။ မြန်ပြည်နယ် မယွင်းချွတ်စေ....ရွတ်ဖတ်
ကြ သမ္ဗုဒ္ဓေ၊ အန္တရာယ်တွေ ကင်းလွတ်
မလေ—ရွတ်ဖတ်ကြသမ္ဗုဒ္ဓေ—ပ....ဘေး
ရန်ရှင်းကင်းဝေးမှာ ဂါထာသမ္ဗုဒ္ဓေ။

အဂ္ဂမဟာပဏ္ဍိတ—အဘိဓဇမဟာရဋ္ဌဂုရု
ခရမ်း ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက်
ဆရာတော် ဘဒ္ဒန္တ သုဒဿန အရှင်သူမြတ်
အသုံးချတော်မူခဲ့သော

# အဋ္ဌာနမေတံ ပါဠိတော်

## ပါဠိ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။

## ပါဠိများ အသံထွက် ရွတ်ဖတ်နည်း

အဋ္ဌာနမေတံ — အတ်ထာနှမေတံ
ဘိက္ခဝေ — ဘိတ်ခဝေ

ပရူပက္ကမေန — ပရူပက်ကမေန
ဝေါဟာရပေယျ — ဝေါဟာရပေတ။

## အနက်

ဘိက္ခဝေ၊ ရဟန်းတို့။ (ဝါ) ချစ်သား — ချစ်သမီးတို့။ ပရူပက္ကမေန၊ သူတစ်ပါးလုံ့လ ပယောဂဖြင့်။ တထာဂတံ၊ မြတ်စွာဘုရားကို။ ဇီဝိတာ၊ အသက်တော်မှ။ ယံ ဝေါဟာရပေယျ၊ အကြင်ကြောင့် ချနိုင်ရာ၏။ ဧတံ ဌာနံ၊ ဤသို့ သူတစ်ပါး လုံ့လပယောဂဖြင့် မြတ်စွာဘုရား အသက်တော်ကို ချနိုင်သော အကြောင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်—အရာမဟုတ်။ နေသော၊ ဤသို့သော အကြောင်း အခွင့်သည်။ အနဝကာသော၊ အခွင့်မဟုတ် — အရာမဟုတ် ပေတကား။

## စကားပြေ

ရဟန်းတို့ (ဝါ) ချစ်သား ချစ်သမီးတို့....၊ သူတစ်ပါး လုံ့လ ပယောဂဖြင့် မြတ်စွာဘုရားကို အသက်တော်မှ အကြင်ကြောင့် ချနိုင်ရာ၏။ ဤသို့ သူတစ်ပါး လုံ့လ ပယောဂဖြင့် မြတ်စွာဘုရား အသက်တော်ကို ချနိုင်သော အကြောင်းသည် အကြောင်းမဟုတ် အရာမဟုတ်၊ ဤသို့သော အကြောင်း အခွင့်သည် အခွင့်မဟုတ်—အရာမဟုတ် ပေတကား။

## ရှင်းလင်းဖော်ညွှန်းချက်

ဤဖော်ပြပါ ပါဠိတော်ကား အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ခရမ်းကိုင်းကုန်း ပါဠိတက္ကသိုလ် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဒဿန အရှင်သူမြတ် လက်တွေ့ အသုံးချတော်မူခဲ့ကာ လက်တွေ့ အောင်မြင်မှု ရခဲ့သော ပါဠိတော်ဖြစ်ပါသည်။

ဤဖော်ပြပါ ပါဠိတော်များသည် ဝိနယ စူဠဝါ ပါဠိတော် သံဃဘေဒကက္ခန္ဓက၌ လာရှိပါသည်။ ဘုရားဟော ပါဠိတော် ဖြစ်ပါသည်။

ယင်း ပါဠိတော်ကို အသုံးချကာ ဘဒ္ဒန္တသုဒဿန ဆရာတော် အရှင်သူမြတ်ကြီးသည် ၁၉၄၉-၅၀ ခုနှစ် ကာလက စက်သေနတ်ဒဏ်နှင့် ဗုံးဒဏ် အန္တရာယ်များကို လက်တွေ့ အကာအကွယ် ပေးနိုင်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ရန်သူများ၏ အကြံကို သိရသည်နှင့် ယင်း အဋ္ဌာနမေတံ ပါဠိတော်ကို စက္ကူပေါ်ရေး သံဘူးထဲထည့်လျက် ကျောင်း၏ နေရာအနှံ့ အပြား၌ အကာအကွယ် ပြုထားပါသည်။

ယင်းသို့ ပြုထားသဖြင့် ရန်သူများ၏ စက်သေနတ်ဒဏ်၊ ဗုံးဒဏ်တို့ ထိခိုက်မှုမှ အံ့ဩစွာ ကင်းဝေးခဲ့ရကြောင်း သိရပါသည်။

## (နှစ်ဖက်လှ၏ ဇေယျမင်္ဂလာ ရန်ကင်း ဂါထာများမှ)

ဤ ပဋ္ဌာန်းတော်မှာ တိုတိုကလေးဖြစ်၍ အကျက်ရလွယ်ပါသည်။ ပဋ္ဌာန်းတွင်မက အနက်ပါကျက်၍ လွယ်ကူစွာ ရနိုင်ပါသည်။ ယုံယုံကြည်ကြည်နှင့် လေးလေးစားစား ရွတ်ပွားကြရန် ဖြစ်ပါသည်။

ဤ ပဋ္ဌာန်းတော်ကို ရွတ်ပွားသူမှာ မြတ်စွာဘုရား၏ ထူးခြားသော ဝိသေသ ဂုဏ်တော်ကိုပွားများအောက်မေ့ခြင်းဖြစ်၍ ဘုရားရှင်သည် ဘေးရန်အန္တရာယ်ကင်းသလို ရွတ်ပွားသူ၌လည်း ဘေးရန်အန္တရာယ်များကင်းဝေးနိုင်ပါသည်။

ယင်းသို့ ဘေးရန်အန္တရာယ် ကင်းဝေးသဖြင့်လည်း အမျိုးမျိုးသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာတို့ဖြစ်ထွန်းလာစေနိုင်ပါသတည်း။

ဂုဏ်တော် ပရိတ်တော် ဂါထာတော်များကို

အခြေခံ၍

**သစ္စာစကားဖြင့်**

# အခက် အခဲ
# လွတ်မြောက် အောင်မြင်နည်း

သစ္စာ ဆိုခြင်းမှာ အမှန်အကယ် ဆန်းစစ် ကြည့်လျှင် အလွန်သင့်လျော်၍ ဗုဒ္ဓဘာသာဝင်များ အတွက် အလွန်ပြုလုပ်သင့်သော အလုပ်တစ်ခု ဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်သည်။

ဗုဒ္ဓဘာဘာဝင်များအတွက် သရဏဂုံသုံးပါး၌တည် ခြင်း၊ ငါးပါးသီလ ဆောက်တည်ခြင်း၊ ဂုဏ်တော်

ပွားများခြင်း စသည်တို့သည် ပြုလုပ်မြဲကိစ္စများ ပြ
သည်။

သို့ရာတွင် ယင်းတို့ကို လိုက်နာကျင့်သုံး ဆောက်
တည်ပွားများပြီးနောက် သစ္စာဆိုခြင်းအလုပ်ကိုမူလုပ်
ရကောင်းမှန်း မသိ၊ အခုတ်တမဲ့ ရှိနေကြပေသည်။

ယင်း တရားများကို ကြောင်းရင်းမူလ ထားလျက်
သစ္စာဆိုမှု ပြုနိုင်ကြောင်းနှလုံးမူကြရမည် ဖြစ်ပါသည်။

**သစ္စာစကား ဆိုနည်း-နမူနာ**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ—

ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏—

ဟု ဆိုရာ၌ သာမန် ဆိုကောင်းရုံမျှသာ ဆိုခြင်း
မဟုတ်ချေ။ ဘုရားရှင်သည့် တကယ်ကိုးကွယ် ဆည်း
ကပ်ထိုက်သော ပုဂ္ဂိုလ်—တကယ် ကိုးကွယ် ဆည်းကပ်
ရာ၊ အားထားရာအစစ်ဟု နှစ်နှစ်ကာကာ ယုံကြည်၍
ပြောဆိုခြင်းမျိုး ဖြစ်သည်။

ထို့ကြောင့် အခက်အခဲ တစ်မျိုးမျိုး ရှိလာလျှင်
ယင်းဗုဒ္ဓ သရဏဂုံကို မှတည်၍ သစ္စာဆိုပါက ဤသို့
ဆိုနိုင်ပါသည်—

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်း
ကပ်ပါ၏။

ဤသို့ မှန်သောစကားကို ဆိုရခြင်းကြောင့် အကျွန်ုပ်အား ယခု ကြုံတွေ့နေရသော အခက်အခဲမှ လွတ်မြောက်ပါစေသတည်း။

ယင်းသို့ဆိုနိုင်၏၊ နမူနာ ပြဆိုချက်ဖြစ်သည်။ ဗုဒ္ဓသရဏဂုံအပြင် ဓမ္မသရဏဂုံ၊ သံဃသရဏဂုံ များကို ပါ ထည့်သွင်း၍လည်း ဆိုနိုင်သည်။ မိမိဉာဏ်ရှိသလို စီစဉ်ချဲ့ထွင်ပြီး ဆိုရန် ဖြစ်သည်။

အကယ်၍ သစ္စာတန်ခိုး အကျိုးပေး ထက်မြက်မှု မရှိခဲ့သော် မိမိ၏ ချွတ်ယွင်းချက် တစ်ခုခုကြောင့်သာ ဖြစ်ရပေမည်။ မိမိ ထင်သလို ဖြစ်မလာတော့ သစ္စာဆိုခြင်း အလုပ်ကို အမြင်မမှားသင့်ချေ။ မိမိ၏ ချွတ်ယွင်းချက်ကိုသာ စဉ်းစားရာ၏။

ဗုဒ္ဓဘာသာဝင် အများစုမှာ ဣတိပိ သော ဘဂဝါ–အစရှိသော ဂုဏ်တော် ကိုးပါးနှင့်တကွ ရတနာသုံးပါး ဂုဏ်တော်များကို နေ့စဉ် ရွတ်ဖတ် ပွားများလေ့ ရှိကြသည်။

ယင်းဂုဏ်တော်များမှာ **အရှိအမှန်** တရားတို့သာ ဖြစ်သည်။ တကယ်ရှိ–တကယ် မှန်သည်ကိုရှိသည့် အတိုင်း-မှန်သည့်အတိုင်း ပြောဆို ချီးကျူး ပွားများ အောက်မေ့ ရွတ်ဆိုနေကြခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ယင်းသို အရှိအမှန် တရားတို့ကို အောက်မေ့ ပြောဆို ချီးကျူးပြီးသောအခါ၌–

'ဤသို့ မှန်သောစကားကို ဆိုရခြင်းကြောင့် အကျွန်ုပ်အား ချမ်းသာခြင်း ဖြစ်ပါစေ— ဘေးကင်းပါစေ— ရန်ကင်းပါစေ—အောင်မြင်မှု ရပါစေ—အခက်အခဲ အကျပ်အတည်းမှ လွတ်မြောက်ပါစေ'

စသည်ဖြင့် သစ္စာဆိုသင့်လှပေသည်။ ဤတွင် မောင်းထောင် သာသနာပိုင် ဆရာတော် ဘုရားကြီး၏ ဆိုနည်းကို ကောက်နုတ် ဖော်ပြပါမည်—

## မောင်းထောင် သာသနာပိုင် ဆရာတော်၏ သစ္စာဆိုနည်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မြတ်စွာဘုရားကိုကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
(သုံးကြိမ်ရွတ်ဆိုရန်)
ဣတိပိ သော ဘဂဝါ—
အရဟံ၊
သမ္မာသမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏသမ္ပန္နော၊
သုဂတော၊
လောကဝိဒူ၊
အနုတ္တရောပုရိသ ဒမ္မသာရထိ၊
သတ္ထာဒေဝ မနုဿာနံ၊

ဗုဒ္ဓေါ၊
ဘဂဝါ။
(သုံးကြိမ်ရွတ်ဆိုရန်)
နတ္ထိမေ သရဏံ အညံ၊
ဗုဒ္ဓေါမေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန။
ဟောတု မေ ဇယမင်္ဂလံ။
(သို့မဟုတ်)
ဟောတု မေ သုခဝဍ္ဎနံ။
(သို့မဟုတ်)
ဟောတု မေ အာယုဝဍ္ဎနံ။

ဤဖော်ပြချက်ကား- မောင်းထောင် သာသနာပိုင် ဆရာတော်၏ ဗုဒ္ဓသရဏဂုံ-ဗုဒ္ဓဂုဏ်တော် ကိုး ပါး စသည်တို့ဖြင့် သစ္စာစကား ဆိုနည်း လမ်းညွှန်ချက် ဖြစ်ပါသည်။ ဆရာ ဦးမင်းသိန်း၏ နန်းစဉ်သုံး ဂါထာ,မန္တန်ကျမ်းတွင် ဖော်ပြချက်တို့ကို အခြေခံ၍ ဤ၌တင်ပြထားခြင်း ဖြစ်ပါသည်။ ယင်းဖော်ပြပါ သစ္စာဆိုပုံကို မြန်မာစကားပြေ သက်သက်ဖြင့် ဖော်ပြပါဦးမည်။

## မောင်းထောင်သာသနာပိုင် ဆရာတော်၏ သစ္စာဆိုနည်း စကားပြေ

မြတ်စွာဘုရားကိုကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
(သုံးကြိမ်ရွတ်ဆိုရန်)

ဘုန်းတော် ကြီးမြတ်တော်မူသော ထို မြတ်စွာဘုရားသည်—

— နတ်, လူ, ဗြဟ္မာ, သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့်လည်း 'အရဟံ' မည်တော်မူပါပေ၏။

— သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင် သိမြင်တော်မူသော အကြောင်းကြောင့်လည်း 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူပါပေ၏။

— ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ အကျင့်စရဏတရား တစ်ဆယ့် ငါးပါးနှင့် ပြည့်စုံတော် မူသော အကြောင်းကြောင့်လည်း 'ဝိဇ္ဇာစရဏသမ္ပန္န' မည်တော်မူပါပေ၏။

— ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း 'သုဂတ' မည်တော်မူပါပေ၏။

— လောကသုံးပါးကို အကြွင်းမဲ့ သိတော်မူသော အကြောင်းကြောင့်လည်း 'လောကဝိဒူ' မည်တော်မူပါပေ၏။

— ဆုံးမထိုက်သူတို့အား ဆုံးမရာတွင် အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူသော အကြောင်းကြောင့်လည်း 'အနုတ္တရော ပုရိသဒမ္မသာရထိ' မည်တော်မူပါပေ၏။

— လူ, နတ်ဗြဟ္မာ, သတ္တဝါတို့၏ ဆရာတင်ဆူဖြစ်တော်မူသော အကြောင်းကြောင့်လည်း 'သတ္ထာ ဒေဝမနုဿာနံ' မည်တော်မူပါပေ၏။

— တရားအလုံးစုံကို သိတော်မူသော အကြောင်းကြောင့်လည်း 'ဗုဒ္ဓ' မည်တော်မူပါပေ၏။

— ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း 'ဘဂဝါ' မည်တော်မူပါပေ၏။

(သုံးကြိမ်ရွတ်ဆိုရန်)

အကျွန်ုပ်အား ဘုရားမှ တစ်ပါး ကိုးကွယ်ရာ မရှိ။ ဘုရားရှင်သည် အကျွန်ုပ်၏ မြတ်သော ကိုးကွယ်ရာတည်း။ ဤသို့ မှန်သော စကားကို ဆိုရခြင်းကြောင့် အကျွန်ုပ်အား အောင်ခြင်း မင်္ဂလာ ဖြစ်ပါစေ—

(သို့မဟုတ်)

အကျွန်ုပ်အား အသက်ရှည်ပါစေ—

(သို့မဟုတ်)

အကျွန်ုပ်အား ချမ်းသာပါစေ–

သစ္စာဆိုရာ၌ ပါဠိနှင့်ဆိုမှ မဟုတ်၊ မြန်မာစကား ပြေ သက်သက်ဖြင့် ဆိုလျှင်လည်း ပြီးနိုင်သည်သာ ဖြစ်ပါ၏။

သစ္စာ ဆိုခြင်း၌–

'ကောင်းသော အကြောင်းအရာကို ထုတ်ပြပြော ဆိုခြင်း။ မကောင်းသော အကြောင်းအရာကို ထုတ်ပြ ပြောဆိုခြင်း'– ဟု နှစ်မျိုးရှိသည်၊ မှန်ခြင်းသာ လို ရင်းဖြစ်သည်ကို လေ့လာတွေ့ရှိရ၏။

ဤနေရာတွင် သစ္စာဆိုမှုနှင့် စပ်လျဉ်း၍ အဂ္ဂမဟာ ပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ဆရာတော် အရှင် ဝါသေဋ္ဌာ ဘိဝံသ၏ ပရိတ်ကြီး နိဿယသစ်၌ လာသော အဆို အမိန့်များကို ဗဟုသုတအဖြစ် မှတ်သားရန် အောက်၌ ကောက်နုတ် ဖော်ပြလိုက်ပေသည်။

## သစ္စာစကား

'အချို့အရာ၌ အမှန်အတိုင်းဆိုသော စကားကို သစ္စာဟုဆို၏၊ ထိုသစ္စာကို ဝစီသစ္စာဟု ခေါ်သည်။

မနှုန်စကား မုသား ပြောဆိုမှုမှ ရှောင်ခြင်းကိုလည်း သစ္စာပင်ဆို၏။ ထိုသစ္စာကား ဝိရတိ သစ္စာတည်း။ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ—ဤ လေးပါးကိုလည်း မှန်ကန်သော သဘာဝများပင်ဖြစ်၍ သစ္စာပင် ဆိုရသည်၊ အရိယသစ္စာတည်း။ ထိုတွင် တကယ် ထင်ရှားရှိ၍ မပျက်စီးတတ်၊ ကောင်းမြတ်သော သဘောဖြစ်သောကြောင့် နိဗ္ဗာန်ကို ပရမတ္ထသစ္စာဟု ဆိုရပြန်သည်။ အမှန် မဟုတ်သော်လည်း မိမိက အမှန်ဟု စွဲချက်အရ သစ္စာဆိုရသော ဒိဋ္ဌိသစ္စာဟု ရှိခဲ့ပြန်သည်၊ ဤသစ္စာတို့တွင် 'ဒေသနာ သစ္စေန' အရ သစ္စာကား ဝစီသစ္စာပင်တည်း ဝစီသစ္စာကား အဖြစ် အပျက် အမှန်ကို အမှန်အတိုင်း ပြောဆို၍ သဘာဝ တစ်မျိုးပင် ဖြစ်၏။ ထိုသဘာဝ ဓမ္မကား အဆိပ်ကိုပပျောက်စေနိုင်ခြင်း၊ မီးကို ငြိမ်းစေနိုင်ခြင်း၊ မိုးကို ရွာစေနိုင်ခြင်း၊ ကောင်းကင်၌ တည်စေနိုင်ခြင်း စသော အံ့ဖွယ်အမျိုးမျိုးကို ဖြစ်စေသော အစွမ်းသတ္တိရှိ၏။'

## သုဝဏ္ဏသာမ

'အလောင်းတော် သုဝဏ္ဏသာမ မြားမှန်၍ မြားဆိပ် အရှိန်ဖြင့် တွေဝေ မိန်းမောနေသောအခါ'ဤ သာမသည် တရားကျင့်သူ—မြတ်သော အကျင့်ကို ကျင့်သူ—မှန်သောစကားကို ပြောသူ—မိဘ လုပ်ကျွေးသူ—

အမျိုး၌ ကြီးသူတို့အား ရိုသေတတ်သူ ဖြစ်ကြောင်း၊ သာမကို မိမိအသက်ထက် ပိုမို ချစ်မြတ်နိုးကြောင်း၊ ထို သစ္စာစကားအရ သာမ၏ အဆိပ် လျှော့ကျပါစေ’ ဟု မိဘ နှစ်ပါးက သစ္စာပြုခဲ့၏။

‘နတ်သမီးကလည်း ‘သာမကို မိမိ အသက်ထက် ချစ်မြတ်နိုးကြောင်း၊ ဤ ဂန္ဓမာဒနတောင်၌ သစ်ပင် မှန်သမျှ မွှေးနံ့ရှိကြသည်ချည်းဖြစ်ကြောင်း၊ ဤသစ္စာ အရ သာမ အဆိပ် ကျပါစေ’ ဟု သစ္စာပြုခဲ့၏။ ထို သစ္စာများ တန်ခိုးကြောင့် အဆိပ်ပြေကာ မြား ဒဏ်ရာ အနာပင် မထင်ဘဲ ပကတိအတိုင်း ကျန်းမာ ချမ်းသာခဲ့ရ၏။’

## ကဏှဒီပါယန

‘သစ္စာသည် သဘာဝဓမ္မ တစ်ခု ဖြစ်သောကြောင့် အမှန် ဆိုခြင်းသာ ပဓာန ဖြစ်၍ ကောင်းသော အရာ အချက်အလက်ကို ဆိုမှ မဟုတ်ဘဲ အဖြစ် အပျက် အမှန်ဖြစ်ပါက မကောင်းသော အရာကိုပင် ဆိုသော်သည်း တန်ခိုးအစွမ်းရှိပါသည်။ ကဏှဒီပါ ယနဇာတ်၌ မဏ္ဍဗျသူကြွယ် ဇနီးမောင်နှံတို့ ကဏှဒီ ပါယန ရသေ့ထံ အဖူးအခမြော် ရောက်ကြစဉ် တွင်း ထဲသို့ ဂျင်နိုက်သော ယညဒတ္တ မည်သော သားသေး

အား မြွေကိုက်ခံရ၍ သစ္စာဆိုကြ၏၊ ရသေ က 'ငါသည် နှစ်သေ့အကျင့်၌ ခုနစ်ရက်မျှသာ ပျော်၏။ သည့်နောက် အနှစ် ငါးဆယ်ကျော်မျှ မပျော်ဘဲ ကျင့်နေရသည်။ ဤသစ္စာကြောင့် ယညဒတ္တ ချမ်းသာပါစေ၊ အဆိပ် ကျကာ အသက်ရှင်ပါစေ' ဟု ဆို၏။ အဆိပ်နို့အထိ ကျဆင်းခဲ့၏။ ထို့နောက် ကလေးဖခင်က 'ငါသည် ပေးလှူမှုကို မနှစ်သက်၊ သူများကဲ့ရဲ့မည်ကြောင့် မပေးလိုဘဲ ပေးလှူနေရသည်၊ ဤသစ္စာကြောင့် အဆိပ်ကျပါစေ' ဟု ဆို၏၊ အဆိပ်ကား ခါးအထက် ကျဆင်းခဲ့၏။ ထို့နောက် ကလေး၏ မိခင်က 'ငါသည် သင်ချစ်သားကို ရန်မူသော မြွေနှင့် သင် ချစ်သား၏ ဖခင်အပေါ်၌ မချစ်သည်မှာ အတူတူပင်။ ဤ သစ္စာကြောင့် အဆိပ်ကျပါစေ' ဟုဆို၏။ ထိုအခါ အဆိပ်မှာ လုံးဝ ကင်းသွားခဲ့၏။'

(ဇာတက-ပ၊ ၂၀၈)။

'ဤသစ္စာကြောင့် ရေပြင်ကို မြေပြင်ပမာ ဖြတ်သွားနိုင်သည်ကို လည်းကောင်း၊ ကောင်းကင်တွင် မြေပေါ်၌ ကဲ့သို့ ယိုင်နေသည်ကို လည်းကောင်း မဟာကပ္ပိန ဝတ္ထု၊ ကဏှဂါဟန ဇာတ်များအရ သိနိုင်သည်။ ဤပရိတ်၌ပင် ငုံးမင်း၏ သစ္စာကြောင့် မီးကွင်းသည်ကို လည်းကောင်း၊ အင်္ဂုလိမာလ မထေရ်၏

သစ္စာအစွမ်းကြောင့် ကိုယ်ဝန် လွယ်ကူစွာ မွေးဖွား နိုင်သည်ကို လည်းကောင်း တွေ့ရပေလိမ့်မည်။ ဤသို့ ဘုရားရှင်၏ ဂုဏ်တော်မှာ စင်စစ် ဧကန် မှန်သော အချက် ဖြစ်၍ ထိုအချက်ဖြင့် ပြုခြင်းမှာ အန္တရာယ် ကင်း၍ ချမ်းသာခြင်း အကျိုးကို မပြီးစေဘဲ မရှိနိုင် ထို့ကြောင့် 'ဧတေန သစ္စေန သုဝတ္ထိ ဟောတု' ဟု သစ္စာပြုခဲ့ခြင်းဖြစ်သည်'

(ပရိတ်ကြီး နိဿယသစ် စာမျက်နှာ ၂၂၄၊ ၅၊ ၆ မှ)

အထက် ဖော်ပြပါ ဆရာတော် အရှင်ဝါသေဋ္ဌာ ဘိဝံသ၏ အဆိုများကို ထောက်၍ သစ္စာစကား အစွမ်းထက်မြက်ပုံကို သိနိုင်ပါသည်။

ထို့ပြင် ယင်းသို့ သစ္စာဆိုခြင်းဖြင့် အခက်အခဲ ကုစား အောင်မြင်ခဲ့ကြပုံများမှာ ဘုရားရှင် လက် ထက်တော်၌သာ ရှိနိုင်ခဲ့သည် မဟုတ်ဘဲ ရှေးမြန်မာ ဘုရင်များ လက်ထက်ကလည်း သစ္စာစကားဖြင့် အံ့သြဖွယ်ရာ အောင်မြင်မှု ဖြစ်ခဲ့ရသည်များ ရှိခဲ့ပါ သည်။

## ဓားမကူးဆရာတော်နှစ်ပါး

## အရှင်ပဏ္ဍိတ၏ သစ္စာစကား

နရပတိစည်သူမင်းကြီး လက်ထက်က အရှင်ပဏ္ဍိတ ဟူသော ရဟန်းတော် မထေရ်မြတ် တစ်ပါးသည် ကျောက်ကူ ဥမင်တစ်ခုအနီး၌ သီတင်းသုံးတော် မူလျက်ရှိသည်။

အကျင့်သီလကောင်း ရှိသူဖြစ်၍ ဘုရင်နှင့်တကွ ပြည်သူများ၏ ကြည်ညိုခြင်းကို ခံယူရသော မထေရ် ဖြစ်သည်။

တစ်နေ့တွင် သူ့ကျောင်းအနီး တဲနေရာ၌ ၁၅ ရက်မျှ လာရောက်နေထိုင်သွားသူ အမျိုးသမီး တစ်ဦးက....

'ထိုမထေရ် ဟောင်းကားငါနှင့် မလွတ်ကင်း ဖြစ်ခဲ့သည်' ဟူ၍ လုပ်ဇာတ်ခင်းကာ သွားပုပ်လေလွင့် စွပ်စွဲ ပြောဆိုခြင်း ပြုလေသည်။

ယင်းစွပ်စွဲစကားသည် မထေရ်ကို ကိုးကွယ်သူများ၏ နားသို့ ပျံ့နှံ့ရောက်ရှိသွား၏။

နောက်ဆုံး၌မူ ထိုသို့ သတင်းစကား ကြားသိနေရပါကြောင်း ကြည်ညို ကိုးကွယ်သူများက ဆရာမထေရ်ထံ သွားရောက် လျှောက်ထားခြင်း ပြုကြလေသည်။

ထိုအခါ မထေရ်သည် မိမိ၌အပြစ် မရှိကြောင်း ပြောဖို့လိုလာ၏၊ သို့သော် အခြားသက်သေ ပြစရာ ကလည်း မရှိချေ။

ဤသို့ဖြင့် မထေရ်သည် သစ္စာ ဆိုခြင်း ဖြင့်သာ ဤအမှုကိစ္စကို ငြိမ်းအေးစေရတော့မည်ဟု ဆုံးဖြတ် ကာ ရှင်ဘုရင်နှင့်တကွ ဒါယကာ၊ ဒါယိကာမများ အား မိမိထံ လာရောက်ရန် ချိန်းဆိုလိုက်လေသည်။

ချိန်းဆိုသည့်အတိုင်း ဘုရင်နှင့် ပရိသတ်များ ရောက်ရှိလာကြသော အချိန်တွင် ဆရာတော် မထေရ် မြတ်သည် ကျောင်းအနီးရှိ ဧရာဝတီ မြစ်ဆိပ်သို့ ဦး ဆောင် ကြွတော်မူသည်။

မြစ်ကမ်းသို့ရောက်သော်လူတစ်ယောက် ခေါးသွေး နေသည်နှင့် ကြုံရ၍မထေရ်မြတ်သည် ထိုသူ့ ထံမှ ခေါးနှင့် ခေါးသွေးကျောက်ကို တောင်းယူသည်။

ထို့နောက် ဆရာတော် မထေရ်မြတ်သည် သမ္မာ ဒေဝ နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့အား တိုင်တည်လျက် သစ္စာစကား ဆိုတော်မူသည်။

ဆရာတော် မထေရ်မြတ် ဆိုသော သစ္စာစကား မှာ ဤသို့ဖြစ်၏....

'ငါ၏ သီတင်းသီလ မညှိုးနွမ်း–မပျက် ပြယ်ခဲ့သော် ခေါးနှင့် ကျောက်သည် ရေပေါ်

ပေါ်လျက် ကူးစေသတည်း၊ မာတုဂါမ စွပ်စွဲသည့် အတိုင်း ထို မာတု ဂါမနှင့် ငါ မလွတ်မကင်း ဖြစ်ခဲ့ပါက မားနှင့် ကျောက်သည် ရေတွင် မြုပ်စေသတည်း'

ယင်းသို့သစ္စာ ဆိုပြီးသည်နှင့် မထေရ်မြတ်သည် ခားနှင့် မားသွေးကျောက်ကို မြစ်ယဲ ပစ်ချတော်မူလိုက်သည်။

ထိုအခါ မားနှင့် မားသွေးကျောက်သည် မြစ်ရေထဲ၌ ရေညာသို့ ဆန်တက် ဖြတ်ကူး သွားလေတော့သည်။

မြစ်ကမ်းပါးမှ ကြည့်နေ ကြသော ဘုရင်နှင့် ပရိသတ်များမှာ အံ့ဩမဆုံး ဖြစ်နေကြတော့၏။

ဤသည်မှာ နရပတိ စည်သူမင်း လက်ထက်က အဖြစ်အပျက်ပေဘည်း။

ထို့နောက် သာလွန်မင်းတရားကြီး လက်ထက်၌လည်း အလားတူ ဖြစ်ရပ်တစ်ခု ပေါ်ထွက်ခဲ့ပြန်လေသည်။

အများသိကြသည့်အတိုင်းပင် တောင်ဖီလာ ဆရာတော်၏ သစ္စာစကားကြောင့် မားမ ရေကူးခြင်း ဖြစ်ရပ်ပါတည်း။

သာလွန်မင်းတရားကြီးသည် မိမိ ကိုးကွယ်ရာ သူ၏ဆရာတောင်ဖီလာ ဆရာတော်အား သီလ စမ်းလို၍ မိန်းမချော တစ်ယောက်ကို ဆရာတော်ရှိရာ နေရာသို့ စေလွှတ်၏။

နန်းတွင်းသူ မိန်းမချောလေးသည် ဆရာတော့်ကျောင်းသို့ ခရီးသွားဟန်ဆောင်ကာ ဝင်လျက် တစ်ညတာတည်းခိုဖို့ ခွင့်တောင်း၏။ ဆရာတော်က ကျောင်းအောက်၌ အိပ်ရန် ခွင့်ပြုလိုက်သည်။

နန်းတွင်း အပျိုချောသည် ညကြီး မှောင်မှောင်မည်းမည်း ကျောင်းကြီးအောက်မှာဖြင့် တစ်ယောက်တည်း မအိပ်ရဲ ဟု ဆိုကာ အပေါ်ထပ်၌ အိပ်ခွင့်ပြုရန် ဆရာတော်အား ခွင့်ပန်ပြန်၏။ ဆရာတော်ကလည်း ခွင့်ပြုလိုက်ပြန်သည်။

အပေါ်ထပ်တော့ ရောက်လာပြီ၊ မိန်းမပျိုသည် ဆရာတော်နှင့်နီးစပ်နိုင်သမျှ နီးစပ်ဖို့လိုပေရာ ကျောင်းထဲဝင်၍ အိပ်ခွင့်ပြုပါရန် တစ်ဆင့် တက်၍ လျှောက်ထားပြန်၏။ ဆရာတော်ကလည်း ခွင့်ပြုတော်မူလိုက်ပြန်သည်။

ကျတွင် ဆရာတော်သည် ဝိနည်း စည်းကမ်းကို စဉ်းစားမိလာသည်။ တစ်မိုးတစ်ရံတည်းသော ကျောင်း၌

မာတုဂါမ(မိန်းမ)နှင့်အတူ အိပ်ရဟူသော သိက္ခာပုဒ်ကို သတိရကာ ဆရာတော်သည် တစ်ညလုံး မအိပ်ဘဲ ငုတ်တုတ် ထိုင်လျက် ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းလျက်သာ နေတော်မူသည်။

နန်းတွင်းသူ မိန်းမပျိုသည် ဆရာတော်အား နည်းအမျိုးမျိုး ဖြင့် ဆွယ်၏၊ ဖြားယောင်း၏၊ ဖိတ်ခေါ်၏။ ဆရာတော်သည် အခက်အခဲ အကျပ် အတည်းတော့ တွေ့နေရပြီတည်း။

ဆရာတော်သည် စိတ်နှိုင်းကို လုံးဝထွက်မလာစေရ ဟူသော သဘောဖြင့် မိမိ ခြေသလုံးကြွက်သားကို ဓားဖြင့် ရုတ်တရက် လှီးလိုက်ကာ ထိုဓားဒဏ်ရာမှ ဖြစ်ပေါ်နေသော ဒုက္ခဝေဒနာကိုသာ အာရုံပြု ရှုမှတ်လျက် မနက်မိုးလင်းအောင် နေသွားတော်မူလေသည်။

တစ်ညလုံး နည်းအမျိုးမျိုးဖြင့် ဆွယ်ခဲ့သော နန်းတွင်း ပျိုဖြူသည် ဆရာတော်အား အရှုံးပေးကာ မနက် မိုးလင်းသော် ကျောင်းမှ ပြန်ခဲ့ရတော့သည်။

ထို့နောက် တောင်ဖီလာ ဆရာတော်သည် ခရီးသည် မိန်းမ တစ်ဦးနှင့် ကျောင်း၌ အတူ အိပ်ကြောင်း

မှားယွင်း ဖောက်ပြန်ခဲ့ကြောင်း သတင်းစကားများ ပေါ်ထွက်လာ၏။

ထိုသတင်းစကားများ ပျံ့နှံ့ ထွက်ပေါ်နေသည်ကို သာလွန်မင်း တရားကြီးလည်း ကြားသိတော်မူ၏။

ထိုအခါ သာလွန်မင်းတရားကြီးသည် တောင်ဖီလာ ဆရာတော်ထံ သွားရောက်ကာ ဤသို့သောသတင်းစကားများ ထွက်ပေါ် နေကြောင်း လျှောက်ထားသည်။ မဟုတ်လျှင် မဟုတ်သည့် အကြောင်း ယုံကြည်နိုင်လောက်သော သာဓက ပြ၍ ဖြေရှင်းတော် မူရန် လျှောက်ထားသည်။

ထိုအခါ ဆရာတော်ကလည်း မိန်းမပျိုတစ်ဦး မိမိထံ၌ လာရောက် တည်းခိုသွားကြောင်း၊ အိပ်သွားကြောင်း၊ မိမိအားလည်း နည်းအမျိုးမျိုးဖြင့် မြှူဆွယ် ဖြားယောင်းကြောင်း။ မိမိအနေဖြင့် သူ့အပေါ် တိမ်းညွတ်လိုသော စိတ်ဆန္ဒပင် မဖြစ်ပေါ်မိခဲ့ကြောင်း၊ သက်သေပြစရာ အနေဖြင့်မူ ကိုသူငယ်မနှင့် မိမိသာ ရှိနေ၍ အခြား သက်သေပြစရာ လူမရှိကြောင်း၊ သို့သော် မိမိအနားဌ် ခါးမ တစ်ချောင်းတော့ ရှိကြောင်း၊ ၎င်းခါးမကိုပင် သက်သေပြမည် ဖြစ်ကြောင်း ဆရာတော်ကပြန်လည် မိန့်ဆို ရှင်းပြတော် မူသည်။

ယင်းသို့ မိန့်ဆို ရှင်းပြပြီးသောအခါ ဆရာတော်သည် ဓားမကိုယူကာ ရေကန်တစ်ခုဘက်သို့ ထွက်လာ၏။ ရေကန်အနီးရောက်သော် ဘုရင်နှင့်တကွ ပရိသတ်များ ရှေ့မှောက်တွင် ဤသို့သစ္စာစကား ဆိုတော်မူလေသည်။

'ငါသည် ညက လာရောက် တည်းခိုသော ဧည့်သွားမိန်းမနှင့် မှားယွင်းဖို့ဝေးစွ၊ တပ်မက်သည့် စိတ်မျှပင် မဖြစ်ပေါ်ခဲ့၊ ထိုအတိုင်း မှန်ပါက ဤဓားမကြီးသည် ဤရေကန်ကို ဖြတ်ကူး၍ သွားပါစေသား'

ဆရာတော်သည် ယင်းသို့ သစ္စာဆိုပြီး ဓားမကြီးကို ရေကန်ထဲ ပစ်ချလိုက်ရာ ဓားမကြီးသည် ရေကန်၏ သည့်ဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ ဖြတ်ကူး၍ သွားပေသည်။

ထိုအခါ ဘုရင်နှင့်တကွ ပရိသတ်များမှာ အံ့သြကြပြီး ဆရာတော်အပေါ်၌ ယုံမှားမှုများ ကင်းပျောက်သွားသည့်အပြင် ပို၍ပင် ကြည်ညိုမှု တိုးတက်ဖြစ်ပေါ် သွားကြတော့သည်။

ထိုအချိန်မှစ၍ တောင်ဖီလာ ဆရာတော်သည် ယင်းဘွဲ့ အမည်အပြင် ဓားမကူး ဆရာတော်ဟူ၍ပါ အမည်ထူး တစ်ခုပေါ် ပေါက်လာရပါတော့သတည်း။

[၁၉၇၆ ခုနှစ် ဩဂုတ်လ အတွေးအမြင်မှ ဆရာပါရဂူ၏ 'ခါးမ ရေကူး နေသည်' ဆောင်းပါးကို ကိုးကား၍ ခြယ်မှုန်းရေးသားပါသည်။ သစ္စာစကားဆိုသော စာသားစကားရပ်များကိုသာ ထိုဆောင်းပါးပါ မူရင်းအသုံးအနှုန်းအတိုင်း ယူငင် ဖော်ပြထားခြင်းဖြစ်ပါသည်။]

ဤတွင် သစ္စာစကားဖြင့် အခက်အခဲကို လွတ်မြောက် အောင်မြင်နည်း အကြောင်း နိဂုံးချုပ်လိုပါသည်။

ဗုဒ္ဓဘာသာဝင်များသည် ရှေးက ပုဂ္ဂိုလ်ကြီးများ သစ္စာဆိုခဲ့ကြသလို မိမိတို့လည်း သစ္စာဆိုခြင်းအမှု ပြုသင့်ကြောင်း စဉ်းစားကြည့်နိုင်သည်။

ဂါထာတစ်ပုဒ်—ဂုဏ်တော်, ပရိတ်တော် တစ်ပုဒ် ရွတ်ဖတ် ပွားများပြီးတိုင်း မိမိလိုရာ အချက်အလက်များ ထည့်သွင်း၍ မိမိအခက်အခဲ အကျပ်အတည်းကို မှတည် ဖော်ထုတ်၍ သစ္စာဆိုသင့်ကြောင်း တိုက်တွန်းချင်ပါသည်။

သို့သော် သစ္စာဆိုရာ၌ မိမိ သူတစ်ပါး အတွက် ကောင်းသော သစ္စာဆိုနည်းမျိုးသာ ဖြစ်စေ၍၊ သစ္စာဆိုရာ မရောက်ဘဲ မိမိသူတစ်ပါးအတွက် ကျိန်ဆဲရာ ရောက်သွားမည်ကိုမူ အထူးသတိရှိကြရန် လိုပါသည်၊

ထို့ပြင် မိမိသစ္စာစကား ထိရောက် ထက်မြက်ခြင်း မရှိခဲ့လျှင်လည်း ရတနာသုံးပါး၏ ဂုဏ်တော်များ၊ ပရိတ်ဂါထာ ဒေသနာများကြောင့်မဟုတ်ဘဲ မိမိဘက်က တစ်ခု မဟုတ် တစ်ခု ချွတ်ယွင်းနေမှုကြောင့်သာ ဖြစ်ရမည်ကိုလည်း စဉ်းစား ဆင်ခြင်ကြရမည် ဖြစ်ပါသတည်း။

စိန့်ကောင် အမှတ်တံဆိပ်

နုပျိုကျန်းမာ သက်ရှည်ရာ ရောဂါကင်းဝေး

# နဂါးတစ်ကောင်

# ပန်းတစ်ယောင်ဆေး

- လောက၌ ကျန်းမာခြင်းနှင့် ကြောင့်ကြကင်းခြင်းသည် အမြတ်ဆုံးသော စည်းစိမ်ပင် ဖြစ်၏။

(ပီမိုးနင်း)

- လူ၌ အစဦး ဆင်ခြင် တတ်သော ဉာဏ်ရှိလျက် တိရစ္ဆာန်လောက်မှ ကျန်းမာအောင် မနေနိုင်လျှင် အသိဉာဏ်ပညာသည် အဘယ် အကျိုးရှိပါတော့အံ့နည်း။

(ဟိန္ဒူအာနာပါနကျမ်း)

- ရွှေပုံ၊ ငွေပုံပေါ်မှာ နေရသော်လည်း ကျန်းမာမှု မရှိက စိတ်ချမ်းသာမှု မရနိုင်။

(သဘာဝဓမ္မသရာတော်)

မိဘနှစ်ပါးသောမှ မငိုကြွေးပါနှင့်၊ မသေခင်မှာ ဤဆေးကို ကျွေးမိအောင်ကျွေးပါ၊ သင့်မိဘ အသက်ရာကျော် ရှည်လာနိုင်ပါသည်။

ဤဆေးသည် လေငန်း၊ ဆီးချို၊ နှလုံး၊ အစာအိမ်၊ ပန်းနာ၊ သွေးတိုးရောဂါတို့ကို ပျောက်ကင်းစေနိုင် ပါသည်။

အသားအရေ ထူပွဝဖြိုးခြင်း၊ ရုပ်လေးလံ ယိုင်း မှိုင်းခြင်း၊ နှုတ်လေး ဆွံ့အ ခြင်း၊ ကိုယ်တစ်ခြမ်း ထုံ ကျင်၊ ကိုက်ခဲခြင်း၊ အောက်ပိုင်းလေး-သွေးမညီခြင်း၊ ခြေဖျား လက်ဖျား အေးခြင်း၊ လည်ကုပ်ချွေး-ခေါင်း ချွေး အထွက်များခြင်း၊ လေထိုး၊ လေအောင့် များ တက်ခြင်း၊ သတိမေ့လျော့သတ်ခြင်း၊ မူးဝေ ယိမ်း ယိုင်ဖြစ်တတ်ခြင်း၊ ကိုယ် လက်လှုပ်ရှား နည်းပါးခြင်း ထိတ်လန့်၊ ကြောက်ရွံ့များခြင်း၊ ဆီးလွန်ခြင်း-နည်း ခြင်း၊ အေး၊ ချို၊ ဆိမ့်၊ ဖန် အစာများကို အစားများ ခြင်း၊ အအိပ်များခြင်း-လွန်ခြင်း လက္ခဏာများ ဖြစ် လာပါက တစ်နေ့ မဟုတ်တစ်နေ့ လေငန်းရောဂါ ဖြစ်လာနိုင်ပါသည်။ ဤသို့ ဖြစ်လာလျှင် ဤဆေးကို ကြိုတင်မှီဝဲသုံးဆောင်ထားပါ။

ဤဆေးသည် မည်ကာမတ္တ ရောင်းတမ်းဆေးမျိုး မဟုတ်ပါ၊ ရှေးသမားတော်ကြီးများ လက်စွဲသုံး

ကုသနေသော ဆေးဖြစ်သည်။ ဆေးကြီးတွင် ပါဝင်သော အမတ-မသေပင်ဟုခေါ်သော ဆင်တုံးမနွယ်သည် အလွန်ခါး၏။ ထို့ကြောင့် ဝါယောဓာတ်, အာကာသဓာတ်တို့ဖြစ်၏။ လေသည်းခြေ,သလိပ်, အစာမကြေ လေပြည့်သော် ဆင်တုံးမနွယ်ကို ထောပတ်နှင့်စားရုံမျှဖြင့် ပျောက်သည်၊ ထို့ပြင်-ဆင်တုံးမနွယ်ကို ရိုးရိုး ပြုတ်သောက်ရုံမျှဖြင့် လေဖြတ်သောရောဂါကိုပင် ပျောက်ကင်းကြောင်း သာဓကများ ရှိခဲ့ကြပါသည်။

ဤဆေးတွင် ပါသည့် ပျားရည်၊ ခပေါင်း ရေကြည်၊ မင်းကိုကာ၊ ဘုမ္မဇော၊ လက်ပံခါး စသည်တို့ကလည်း သူ့စွမ်းအင် သူ့တန်ခိုး သတ္တိနှင့်သူ ပြည့်စုံကြသည့်အပြင် အခြားဆေးမည်ပေါင်းများစွာတို့လည်း အချုံးကျ ပေါင်းစပ် ပါဝင်ထားပါသည်။ ဤဆေးသည် လေချုပ်၊ လေအန်၊ လေကျစ်၊ လေကပ်၊ လေပိန်၊ လေဝမ်းနာ၊ လေထိုး, လေအောင့်၊ သွေးပြတ်လေပြတ်၊ သွက်ချာဝါဒ၊ အထုံအကြင် အကိုက်အခဲ၊ အတောင့်အဘင်း၊ အကြောတက်၊ ဘေးထိုး၊ ရင်ကြပ် သတိမေ့၊ အမူးအဝေ၊ အခိုးအပုပ်မထွက်၊ ဒူလာ၊ သွေးဒူလာ၊ ဆီးနည်း ဆီးများ၊ ဆီးအောင့်—စသော ရောဂါများကို နေ့စဉ်မှန်မှန် နံနက်ည တစ်လုံးစီ သောက်ပေးရုံမျှဖြင့် နုပျို,ကျန်းမာ, အသက်ရှည်ကာ ရောဂါကင်းဝေးမည် ဖြစ်ပါသည်။

## အထူးမှတ်ချက်

အသက်(၄၀)ပတ်ဝန်းကျင် ကျား-မ များ ဤဆေးကို ရောဂါမဖြစ်ခင် ကြိုတင်စားသုံးပါက - တစ်သက်လုံး နုပျို ကျန်းမာစွာနေရမည်။ ဆေးကို ရွေးကြီးစေ့ခန့် အလုံးပြုလုပ်ထားပါသည်၊ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ စားသုံးပါ၊ ဝမ်းချုပ်လွန်းသူများ နံနက်,နေ့လယ်, ည—သုံးကြိမ် အသုံးပြုနိုင်ပါသည်။ ဆေးလုံးများ သေးနေပါက(၃)လုံးသောက်ပါ၊ ရေနွေး, ရေအေး ကြိုက်ရာနှင့်သောက်နိုင်ပါသည်။

**စိန်တောင် ဆေးတိုက်**

အမှတ်—၁၄၄၊ လမ်း—၅၀၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့၊ ဖုန်း—၉၁၂၁၃။

စိန်တောင်အမှတ်တံဆိပ်

# အစာကြေ ကွမ်းရွက်ဆေးလျက်ဆား

ဆေးညွှန်း

ကွမ်းရွက် အပါအဝင် အဖိုးတန်ဆေးများဖြင့် ဖော်စပ်ထားပါ၍ အစာမကြေ၊ ရင်ပြည့် ရင်ကယ်၊ လေထိုး လေအောင့်၊ ကျောအောင့်၊ ရင်ဘတ်အောင့်၊ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်၊ ပျို့အန်ခြင်းနှင့် မစားချင်၊ မသောက်ချင်၊ အသံဝင်၊ ချောင်းဆိုး သလိပ်ကပ် ဖြစ်ခြင်းတို့ကို လက်တွေ့ပျောက်ကင်းစေပါသည်။

စိန်တောင်ဆေးတိုက် ၁၄၄၊ ၅၀ လမ်း

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

[ ဖုန်း--၉၁၂၁၃ ]

# ပဉ္စာခန်း တန်ခိုး

## လက်တွေ့အကျိုး

တက္ကသိုလ် [illegible]င်သီရိ
( မဟာစရိယ၊ ဘီအေ )
ရေးသား ပြုစုသည်။
တန်ဖိုး ၂၀ ကျပ်
မကြာမီထွက်ပါတော့မည်။

ရွှေလဝင်းစာပေ
အမှတ် ၁၄၄၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့။
[ ဖုန်း-၉၁၂၁၃ ]

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက
ဘွဲ့တံဆိပ်တော်ရ

တောင်တန်း သာသနာပြု
ဆရာတော်ကြီး

# ဦးဥတ္တမသာရ

၏

# ဗုဒ္ဓဓမ္မလောက
# တရားပဒေသာ

# စိန်တောင်

# ကွမ်းရှက်ဆေးကြီး

မိတ်ဆွေ-
သင့်မှာ...

ကိုယ် တုန်လှုပ်ခြင်း၊ လည်ချောင်း, နှုတ်ခမ်း, ကျင်ကြီးခြောက်သွေ့ခြင်း၊ ဖြူ့ခြင်း၊ ဦးခေါင်း ဝမ်း ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့၌ ထိုးကျင် ကိုက်ခဲ နာကျင်ခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ တံတွေး၌သွေးပါခြင်း၊ နှာစေးခြင်း၊ ချေဆတ်ခြင်း၊ ချောင်းဆိုးခြင်း၊ မျက်စိနီခြင်း၊ မျက်ရည်ယိုခြင်း၊ အပူ အတက်အကျ မညီခြင်း၊ အိပ်မပျော်ခြင်း၊ အရသာပျက်ခြင်း၊ သမ်းဝေခြင်း၊ ခံတွင်းခါးခြင်း၊ ချို့ခြင်း၊ အန်ခြင်း၊ ယစ်မူးခြင်း၊ ဝမ်းသက်ခြင်း၊ ချမ်းတုံပူတုံ မကြာခဏဖြစ်ခြင်း၊ ချွေးမထွက်ခြင်းတို့ ဖြစ်လာပါက ပြထက်ဖျား,ဒွေးဝန်းဖျား, သန္နိပါတ်ဖျား အာဂန္တုကဖျား စသော အဖျားတို့မှ အဖျားတစ်မျိုးမျိုးကပ်ရောက်နေပါပြီ။

ထိုလက္ခဏာများ ဖြစ်နေပါက ဤဆေးကြီးကို ရေနွေးပူပူဖြင့် တစ်ခွက်သောက်ပါက ပျောက်ကင်း ချမ်းသာပါလိမ့်မည် ဝမ်းချုပ်လျှင် ဆားအနည်းငယ်ထည့်၍ သောက်ပါ။

- လူကြီး ▸ ၂-ခွက်စာ
- ကလေး ▸ ၄-ခွက်စာ

စိန်တောင် ဆေးတိုက်

အမှတ် ၁၄၄၊ လမ်း-၅၀၊ ရန်ကုန်မြို့
ဖုန်း-၉၁၂၁၃

SH